# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၄၀)၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်၊ ၄–၈–၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန်သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ "ရှင်ပင်သာလျောင်း" ခေါ် "ရွှေသာလျောင်း" ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရားစေတီများသို့ သွားရောက်ဖူးမြော်ကြည်ညို ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်

နေပြည်တော် ဩဂုတ် ၃

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့တွင် ဇနီး ဒေါ်ကြူကြူလှ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီး ဘုရားစေတီများသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

စာမျက်နှာ ၃ သို့ ✪


**ယနေ့ ဖတ်စရာ အညွှန်း**

အိပ်စက်ခြင်းအတွက် အစွမ်းထက်သော အာနိသင် ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံများနောက်ကွယ်၌ ပုန်းကွယ်နေ — စာမျက်နှာ ၁၀

တူချောင်းမန်နီ အသင်းတွင် ဆက်ရှိသွားမည်ဟု ရီးရဲလ်မက်ဒရစ်အသင်း အတည်ပြု — စာမျက်နှာ ၁၁

ကြိုတင် မခန့်မှန်းနိုင်သော ပြောင်းလျှင်လှုပ်ခတ်မှုနှင့် ပညာရှင်တို့ သဘောထား (ဆောင်းပါး) — စာမျက်နှာ ၁၇


## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၃**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုနေမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဇလ**

၂၀၂၅ ခုနှစ် ၊ ဩဂုတ် ၄ ရက်၊ တနင်္လာနေ့။

မန္တလေး

## ကွန်ပျူတာနှင့်ဖုန်း အလွန်အကျွံအာရုံစူးစိုက်ခြင်းမှ ရှောင်ရှားပါ

မျက်မှောက်ခေတ်သည် နည်းပညာခေတ်ဖြစ်ပြီး ကလေးရော လူကြီးများပါမကျန် နည်းပညာ၏ ဦးဆောင်မှုနောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါနေကြသည်။ နည်းပညာတို့၏အခြေခံသည် ကွန်ပျူတာဖြစ်သည်။ ကွန်ပျူတာဖြင့် အရာရာကို ဖန်တီးနိုင်သည်။

ထို့ပြင် မိဘများက မိမိတို့၏ သား၊ သမီးများကို ခေတ်နှင့်အညီ ကွန်ပျူတာတတ်စေချင်ကြသည်။ ကွန်ပျူတာသင်တန်းများသို့ တက်ရောက်စေသည်။ မိမိတို့၏ သား၊ သမီး ကွန်ပျူတာနှိပ်နေသည်ကိုမြင်လျှင် ကျေနပ်ဂုဏ်ယူနေကြသည်။ ကွန်ပျူတာကို သာမန်အသုံးပြုခြင်းထက် အလွန်အကျွံ အသုံးပြုလာပါက ကျန်းမာရေးကို ထိခိုက်စေကြောင်း မိဘများအနေဖြင့် သတိမမူမိကြပေ။

ကမ္ဘာကြီးသည် တစ်ဟုန်ထိုး တိုးတက်လာပြီး ကမ္ဘာ့သမိုင်းသည်လည်း လျင်မြန်စွာ ခုန်ကျော်တိုးတက်ကာ ပြောင်းလဲလာခဲ့သည်။ စက်မှုခေတ်မှတစ်ဆင့် မြေလျှိုးမိုးပျံ လေယာဉ်ပျံခေတ်ကို တည်ဆောက်၍ အာကာသကိုလွှမ်းမိုးလာကြသည်။ မှတ်သားစရာ သိပ္ပံနှင့်နည်းပညာ အချက်အလက်များသည်လည်း များပြားပြည့်လျှံလာသောကြောင့် လူသားတို့၏ ဦးနှောက်စွမ်းရည်ကို ကျော်လွန်လာခဲ့သည်။ ထို့ကြောင့် လူသားများကိုယ်စား မှတ်သားထိန်းသိမ်းစရာ ကိရိယာတစ်ခု လိုအပ်လာပါသည်။ ထိုကိရိယာသည် လူသားဦးနှောက်ကဲ့သို့ အပိုင်းအကန့်များဖြင့် တီထွင်ဖန်တီးထားသော ကွန်ပျူတာပင်ဖြစ်သည်။ ကွန်ပျူတာပေါ်လာသောအခါ လူသားတို့၏ သိမှတ်စရာ အချက်အလက်တို့ကို လက်ကလေးတစ်ချက်ဖြင့် သိနိုင်၊ မှတ်နိုင်၊ လေ့လာနိုင်သည်။ ကမ္ဘာနှင့်တစ်ဝန်းရှိ သိလိုသည့် အချက်အလက်များကို ကွန်ပျူတာသည် အင်တာနက်မှတစ်ဆင့် ဆက်သွယ်လာခဲ့ကြသည်။

လူသားတို့အတွက် ကွန်ပျူတာသည် ပညာရေးနယ်ပယ်၊ စီမံခန့်ခွဲမှုနယ်ပယ်၊ အုပ်ချုပ်ရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်များသို့ ကျယ်ပြန့်စွာ တိုးတက်ဝင်ရောက်နေရာယူခဲ့ကြသည်။ လူသားတို့၏ နေ့စဉ်ဘဝများတွင် ကွန်ပျူတာသည် မရှိမဖြစ်၊ မပါမဖြစ် နေရာယူလာခဲ့သည်။ ယနေ့လူသားတိုင်း လက်ကိုင်ဖုန်းများ မရှိမဖြစ် ကိုင်ဆောင်လာကြရာ လက်ကိုင်ဖုန်းများသည်လည်း ကွန်ပျူတာအငယ်စားများပင်ဖြစ်လာသည်။ လက်ကိုင်ဖုန်းများဖြင့် စာပေ၊ ဂီတဖျော်ဖြေတင်ဆက်မှု၊ ဇာတ်လမ်းတွဲများအပါအဝင် ဗဟုသုတမျိုးစုံကို အင်တာနက်ချိတ်ဆက်ကာ ရှာဖွေလေ့လာနိုင်ကြသည်။ ထို့ကြောင့် နေ့စဉ်လုပ်ကိုင်ဆောင်ရွက်မှုနယ်ပယ်တွင် ကွန်ပျူတာနှင့် လက်ကိုင်ဖုန်းတို့သည် တွင်ကျယ်စွာ နေရာယူအသုံးပြုလာခြင်းဖြစ်သည်။

ကွန်ပျူတာနှင့်လက်ကိုင်ဖုန်း အသုံးပြုရာတွင် အလင်းပြန်မျက်နှာပြင်ကို အာရုံစိုက်ကြည့်ရသည့်အတွက် ကျန်းမာရေးကို ထိခိုက်စေပါသည်။ ထို့ကြောင့် ကွန်ပျူတာနှင့်ဖုန်းကို လိုအပ်သည်ထက် ပိုမိုအသုံးပြုပါက ဦးစွာ မျက်လုံးကို ထိခိုက်စေပါသည်။ တစ်ဖန် ကွန်ပျူတာနှင့် ဖုန်းမျက်နှာပြင်ကို စူးစိုက်ကြည့်ရသည့်အတွက် ခန္ဓာကိုယ်သည် တစ်သမတ်တည်း အနေအထားကြောင့် အာရုံကြောဆိုင်ရာရောဂါနှင့် အခြားကျန်းမာရေးဆိုင်ရောဂါဝေဒနာများကို ခံစားလာရပေသည်။

လူသားတို့၏ ခန္ဓာကိုယ်သည် အိပ်၊ ထိုင်၊ လုံ၊ လျောင်း ဟူသော အနေအထားလေးမျိုး မျှတနေမှ ကျန်းမာနိုင်မည်ဖြစ်ရာ ကွန်ပျူတာနှင့် လက်ကိုင်ဖုန်းတို့ကို အလွန်အကျွံ အာရုံစူးစိုက်သုံးစွဲခြင်းမှ ရှောင်ရှားနိုင်မှသာ ကျန်းမာရေးနှင့်ညီညွတ်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သန့်ရှင်းသာယာလှပစေရန် စွန့်ပစ်ပလတ်စတစ်အမှိုက်များ လိုက်လံကောက်ယူ



**ညောင်ဦး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ စဉ်ဆက်မပြတ် သန့်ရှင်းသာယာလှပရေးအတွက် Bagan Plastic Campaign အဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ဩဂုတ် ၂ ရက်နေ့က ပုဂံမြို့ဟောင်း အာနန္ဒာဘုရားတောင်ဘက်လမ်းဆုံတွင် စုရပ်ပြုလုပ်၍ အနော်ရထာလမ်းမှ စူဠာမဏိဘုရားအထိ စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် လိုက်လံကောက်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် "ပုဂံဝန်းကျင်သာယာဖို့ ပလတ်စတစ်အမှိုက်တွေ ရှင်းကြစို့" ဟူသော ဆောင်ပုဒ်နှင့် အညီ Bagan Plastic Campaign အဖွဲ့မှ ဦးဆောင်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများက ပုဂံမြို့ဟောင်း အာနန္ဒာဘုရားတောင်ဘက်လမ်းဆုံ၌ စုရပ်ပြုလုပ်၍ အနော်ရထာလမ်းမှ ဓမ္မရံကြီးဘုရားကားရပ်နားကွင်း၊ စူဠာမဏိဘုရားအထိ လမ်းဘေး(ဝဲ၊ယာ)တစ်လျှောက် စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် ကောက်ယူရှင်းလင်းခဲ့ကြသည်။ **(အပေါ်ယာပုံ)**

အဆိုပါ စွန့်ပစ်ပလတ်စတစ်အမှိုက်များ ကောက်ယူရှင်းလင်းခြင်းလုပ်ငန်းတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများကို စေတနာအလှူရှင်များက နံနက်စာ ကောက်ညှင်းပေါင်း၊ အကြော်၊ သောက်ရေသန့်၊ Royal - D အားဖြည့်အချိုရည်ဘူးများ ဝေငှကျွေးမွေးလှူဒါန်းသည်။

Bagan Plastic Campaign အဖွဲ့အနေဖြင့် ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား သန့်ရှင်းသာယာလှပစေရန်နှင့် ပြည်သူများ ပလတ်စတစ်အမှိုက်များ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းများ ကင်းဝေးပြီး သတ်မှတ် အမှိုက်စွန့်ပစ်နေရာများတွင် စနစ်တကျ အမှိုက်စွန့်ပစ်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ ပလတ်စတစ်အမှိုက်များ ကောက်ယူရှင်းလင်းဆောင်ရွက်ခြင်းလုပ်ငန်းကို အပတ်စဉ်(စနေနေ့တိုင်း) ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## ကျောက်ပန်းတောင်း-ချောက်ကားလမ်းမှ တံခါးမ-ရွာပု ကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း စစ်ဆေး

**ကျောက်ပန်းတောင်း ဩဂုတ် ၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ကျောက်ပန်းတောင်း-ချောက်ကားလမ်းမှ တံခါးမ-ရွာပု ကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ)နှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ **(ဝဲပုံ)**



အဆိုပါ တံခါးမ-ရွာပုကျေးရွာအဝင်လမ်း ကျောက်ပန်းတောင်း-ချောက်ကားလမ်းမှ ကျောက်ချောလမ်းမှာ အရှည် ၅ ဖာလုံ၊ အကျယ် ၁၆ ပေနှင့် ထု ၆ လက်မဖြစ်ပြီး တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၂၄ ဒသမ ၇၆၃ သန်းဖြင့် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၄၈၁)**

၀-၀-၀-၀-၀

## ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ရွှေ့လျားစနစ်ဖြင့် အခြေခံစားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ကျောက်ဆည် ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ပြည်သူများ စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် အသား၊ ငါး၊ ဆီ၊ ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်း၌ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ ရွှေ့လျားစနစ်ဖြင့် ပြည်သူ့သက်သာဈေးများဖွင့်လှစ်၍ အခြေခံစားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့သည်။ **(ယာပုံ)**

ထိုသို့ အခြေခံစားသောက်ကုန်များရောင်းချရာ၌ လက်ရှိပေါက်ဈေးအပေါ် ၂၀ ရာခိုင်နှုန်းလျှော့ချ၍ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ဝက်သားပိဿာ ၂၀၊ အမဲသား ၂၅ ပိဿာ၊ ဆိတ်သား ၁၅ပိဿာ၊ စားအုန်းဆီ ပိဿာ ၁၁၀ အပြင် ဟင်းသီးဟင်းရွက်များကိုပါ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

❂ ရွှေဖုံးမှ

**ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်မြတ်ကြီး**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓော စေတီတော်မြတ်ကြီးသို့ ရောက်ရှိ ဖူးမြော်ကြပြီး မြသပိတ်ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။

ယင်းနောက် စေတီတော်မြတ်ကြီး အထက်ပစ္စယံရှိ ဆုတောင်းပြည့် ဘီလူးရန်နိုင်ဘုရားအား ဖူးမြော်ကြည်ညိုပြီး ရွှေသင်္ကန်း ကပ်လှူပူဇော်သည်။

ထို့နောက် စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည် ဖူးမြော်ကြည်ညိုကြပြီး တာဝန်ရှိသူများကို စေတီတော်မြတ်ကြီးနှင့် ပရိဝုဏ်တော်အတွင်းရှိ သာသနိက အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ သန့်ရှင်းသပ်ရပ်ပြီး ကြည်ညိုသပ္ပာယ်ဖွယ် ဖြစ်စေရေး စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုကြောင်း၊ ဘုရားဖူးလာ မိဘပြည်သူများ နေပူဒဏ်သက်သာစွာဖြင့် ဘုရားဖူးမြော်ကြည်ညိုနိုင်ရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက စေတီတော် ရင်ပြင်တော်အပြည့် စကျင်ကျောက်ပြား ခင်းကျင်းကပ်လှူ လှူဒါန်းပေးသွားမည် ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း ရေဝင်ရေထွက် နေရာများ စနစ်တကျပါရှိစေရေး ဆောင်ရွက်သွားရန် လိုကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကို အမြန်ဆုံးပြီးစီးအောင် ကြပ်မတ် ဆောင်ရွက်ပေးသွားရန် လိုကြောင်း မှာကြားပြီး ဘုရားဖူးလာ မိဘပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ရွှေမော်ဓော စေတီတော် သမိုင်းပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းလက်ရာ ဗုဒ္ဓရုပ်ပွားတော်များ၊ လက်ဝတ်ရတနာများ၊ အသုံးအဆောင် ပစ္စည်းများကို ကြည့်ရှုပြီး စနစ်တကျထိန်းသိမ်းကြရန်နှင့် အခြားလိုအပ်သည်များ မှာကြားသည်။

ယင်းနောက် စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံးအတွင်း၌ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက စေတီတော်မြတ်ကြီး ညွှန်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စေတီတော်မြတ်ကြီးအတွက် ဘက်စုံ အလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးတွင် ဘုရားဖူးလာ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**ရွှေသာလျောင်း ရုပ်ပွားတော်မြတ်ကြီး**

ဆက်လက်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် “ရှင်ပင်သာလျောင်း” ခေါ် “ရွှေသာလျောင်း” ရုပ်ပွားတော် မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူ ပူဇော်သည်။

ယင်းနောက် ရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည် ဖူးမြော်ကြည်ညိုပြီး ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သန့်ရှင်းသာယာလှပပြီး လာရောက်ဖူးမြော်သူများ ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေး လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများကို အမြဲမပြတ်ဆောင်ရွက်ရန် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ ဘုရားဖူးလာ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ညွှန်သည်တော်မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုးပြီး ဘက်စုံအလှူငွေများ ပေးအပ် လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူ၍ ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အာရုံခံတန်ဆောင်းအတွင်းရှိ သာသနာရေးဆိုင်ရာပစ္စည်းများနှင့် ရှေးရာလက်မှုပစ္စည်း အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၄ သို့ ❂



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီးတွင် ဘုရားဖူးလာ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆုတောင်းပြည့် စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက မွေ့လက်ဆောင်များ ပြန်လည်ပေးအပ်စဉ်။

✪ စာမျက်နှာ ၃ မှ

**ဆုတောင်းပြည့်စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီး**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့ မဇင်းရပ်ကွက်ရှိ ဒုတိယ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်တော်မူခဲ့သော ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး ကိုယ်တော်တိုင် တည်ထားကိုးကွယ်ခဲ့သည့် ဆုတောင်းပြည့် စွယ်တော်ရှင် မဟာ စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ သစ်သီးဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ ကပ်လှူပူဇော်သည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက စေတီတော်မြတ်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူ၍ မွေ့လက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့်ပြုပြင်မွမ်းမံ ထိန်းသိမ်းမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယနေ့သည် အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည်နှင့် အညီ ပဲခူးမြို့ရှိ တန်ခိုးကြီးဘုရားစေတီများ၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ဆင်သေဆည်ရေသောက်စနစ်အတွင်း ယခုနှစ် မိုးစပါး ၈၄၈၆ ဧကနှင့် မိုးသီးနှံ ၃၁၂၃ ဧက စိုက်ပျိုးရန်လျာထား

နေပြည်တော် ဩဂုတ် ၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သည် ယနေ့မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အတူ နေပြည်တော် တပ်ကုန်းမြို့နယ် ဆင်သေဆည်ရေသောက်စနစ်အတွင်း ယခုနှစ် လျာထား မိုးစပါး ၈၄၈၆ ဧကနှင့် မိုးသီးနှံ ၃၁၂၃ ဧက အပြည့်အဝစိုက်ပျိုးနိုင်ရန် ရေသောက်စနစ်အတွင်း စိုက်ပျိုးရေ အဆင်ပြေချောမွေ့စွာပေးဝေနိုင်ရေး စီမံဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ယာယီရေသွယ်မြောင်းများအတွင်း ဝင်ရောက်လျက်ရှိသည့် သဲနုန်းများရှင်းလင်းဖယ်ရှားနေမှုနှင့် နန်းဖမ်းတာ တည်ဆောက်ရန် ဆောင်ရွက်နေမှု၊ မိုးစပါး နွေစပါး စိုက်ပျိုးခြင်းအတွက် ဆက်လက်ရေပေးဝေနိုင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သဲနုန်းတူးဖော်ခြင်း၊ ယာယီနုန်းထိန်းကန် တည်ဆောက်ခြင်း၊ လိုအပ်သော တူးမြောင်းအဆောက်အအုံ လုပ်ငန်းများကို သတ်မှတ်ကာလ အချိန်မီပြီးစီးရေး၊ ရေလွှဲဆည်အသစ်တည်ဆောက်ရာတွင် ရေရှည်တည်တံ့စွာ အသုံးပြုနိုင်သည့် ဒီဇိုင်းပုံစံနှင့် တည်ဆောက်မှုလုပ်ငန်းဖြစ်စေရေး ဆွေးနွေးမှာကြားပြီး ဆင်သေရေလွှဲဆည် အသစ်တည်ဆောက်ရန် လျာထားရွေးချယ်ထားသောနေရာကို ကြည့်ရှုစစ်ဆေးကာ လေ့လာဆန်းစစ်ချက်များ ပြီးစီးပြီဖြစ်၍ အသစ်ရေးဆွဲသော ဒီဇိုင်းအား ဩဂုတ်လအတွင်း ပြီးမြောက်အောင်ရေးဆွဲ၍ အတည်ပြုချက်ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

မန္တလေးလျှင်ကြီး လှုပ်ခတ်မှုကြောင့် ဆင်သေရေလွှဲဆည်၏ ပင်မတမံ (Head Work) တစ်ခုလုံး ထိခိုက်ပျက်စီးခဲ့သဖြင့် ရေသောက်စနစ်အတွင်းရှိ မိုးစပါး နွေစပါးစိုက်ပျိုးခြင်းအတွက် ရေပေးဝေရာ၌ စနစ်တကျရေစီမံခန့်ခွဲမှုပြုလုပ်နိုင်ရန် ဆင်သေရေလွှဲဆည်အသစ်တည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိရာ ဆင်သေရေလွှဲဆည်အသစ် မတည်ဆောက်မီနှင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်း ရေသောက်စနစ်အတွင်း ယာယီအစီအစဉ်ဖြင့် စိုက်ပျိုးရေပေးဝေရမည်ဖြစ်၍ ရေလွှဲဆည်၏ Under Sluice အပိုင်း၊ ရေခေါ်မြောင်းများအပိုင်းနှင့် ရေသောက်စနစ်အပိုင်းများကို လိုအပ်သည့် နေရာများ၌ ပြုပြင်ခြင်း၊ Structure များ တည်ဆောက်ခြင်း၊ သဲနုန်းတူးဖော်ခြင်းနှင့် ရေသွားလမ်းရှင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ကျောက်ဆည်ရွာအနီးရှိ ကင်းသာရေထိန်းတမံသို့သွားရောက်၍ တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှုနှင့် တမံကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အဆင့်မြင့် လူသုံးကုန်(ဆပ်ပြာခဲ)အမျိုးမျိုးပြုလုပ်နည်းသင်တန်း ဖွင့်လှစ်

**ကန့်ဘလူ ဩဂုတ် ၃**

လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရရှိနိုင်စေရန်၊ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အဆင့်မြင့် လူသုံးကုန် (ဆပ်ပြာခဲ)အမျိုးမျိုးပြုလုပ်နည်း သင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဩဂုတ် ၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က ဌာန၏ လက်ရှိဆောင်ရွက်နေမှု အခြေအနေများ၊ ဒေသတွင်း လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ကိုယ်ပိုင်လုပ်ငန်းထူထောင်ပြီး မိသားစုအပိုဝင်ငွေရရှိအောင် ကြိုးစားသင်ယူကြရန် ဆွေးနွေးမှာကြားသည်။ ထို့နောက် သင်တန်းနည်းပြဆရာမ ဒေါ်ဇင်မြတ်မိုးက ဆပ်ပြာခဲပြုလုပ်ရာတွင် ပါဝင်ရမည့် ပစ္စည်းများ၊ ဆပ်ပြာခဲ အမျိုးမျိုးပြုလုပ်နည်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းသို့ သင်တန်းသူ ၁၅ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ဩဂုတ် ၁ ရက်မှ ၃ ရက်အထိဖြစ်ပြီး ဆပ်ပြာခဲ အမျိုးမျိုးပြုလုပ်နည်းများကို စာတွေ့၊ လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

အောင်ဝင်းငြိမ်း(ကန့်ဘလူ)





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးမြို့ ကမ္ဘောဇသာဒီရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးမြို့ ကမ္ဘောဇသာဒီရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၃

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည်ယနေ့တွင် ဇနီးဒေါ်ကြူကြူလှ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပဲခူးမြို့ ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီး ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်နေရာများ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ကမ္ဘောဇသာဒီ ရွှေနန်းတော်သို့ ရောက်ရှိကြပြီး ရွှေနန်းတော် အတွင်း ယခင်မြေနန်းပြာသာဒ် ဆောင်နေရာမှ တူးဖော်ရရှိသည့် ကျွန်းတိုင်လုံးကြီးများ ပြသထားရှိမှု၊ ရှေးခေတ်မြန်မာမင်းတို့၏ ကန်တော့ခံအခမ်းအနားပုံစံအား ရေးဆွဲပြသထားရှိမှု၊ အနော်ရထာမင်းတရားကြီး၏ သီရိဇေယျာဘူမိ ရွှေနန်းတော်(ပုဂံခေတ်)၊ ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီရွှေနန်းတော် (ဟံသာဝတီခေတ်)၊ အလောင်းမင်းတရားကြီး၏ ရွှေဘုံရတနာမင်္ဂလာရွှေနန်းတော်(ကုန်းဘောင်ခေတ်)။ မင်းတုန်းမင်းတရားကြီး၏ မြနန်းစံကျော် ရွှေနန်းတော် (ရတနာပုံခေတ်) စသည့် နန်းတော်ကြီးများအား နဂိုမူလပုံစံအတိုင်း တည်ဆောက်ပြုပြင်ထိန်းသိမ်းထားရှိမှု မှတ်တမ်းဓာတ်ပုံများ၊ ကမ္ဘောဇသာဒီရွှေနန်းတော်အား ပြန်လည်ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ရှေးဘုရင်များ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ ပြသထားရှိမှု၊

စာမျက်နှာ ၆ သို့ ○



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘောဇသာဒီရွှေနန်းတော်ကြီးအတွင်း ခင်းကျင်းပြသထားရှိသည့် ရှေးဟောင်းကျွန်းတိုင်လုံးကြီးများအား ကြည့်ရှုစစ်ဆေးစဉ်။



ပဲခူးမြို့ ကမ္ဘောဇသာဒီရွှေနန်းတော်ကြီး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟံသာဝတီမြို့ဟောင်း ကျုံးအား ကြည့်ရှုစစ်ဆေးစဉ်။

(စာမျက်နှာ ၅ မှ)

မြေနန်း ပြာသာဒ်တော်ကြီး ထိန်းသိမ်းထားရှိမှု၊ ကမ္ဘောဇသာဒီ ရွှေနန်းတော်အား ပြန်လည်ဖော်ထုတ်ခြင်း မှတ်တမ်းဓာတ်ပုံများ ပြသထားရှိမှု စသည့်ပြခန်း အသီးသီးအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီးအတွင်း ခင်းကျင်းပြသထားရှိသည့် ရှေးဟောင်းကျွန်းတိုင်လုံးကြီးများ၊ ရှေးဘုရင်များအသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ ပြသထားရှိမှု၊ သမိုင်းကြောင်း အထောက်အထားများသည် ငွေကြေးဖြင့် တန်ဖိုးဖြတ်၍ မရနိုင်သည့် အဖိုးတန်အမွေအနှစ်များပင် ဖြစ်ကြောင်း၊ ထို့ကြောင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသေးစိတ် စနစ်တကျဖြင့် တန်ဖိုးထား လက်ဆင့်ကမ်း ထိန်းသိမ်းသွားကြရမည် ဖြစ်ကြောင်း၊ ဓာတ်ပုံများ၊ ပန်းချီများကိုလည်း ခေတ်မီနည်းပညာများ အသုံးပြု၍ ကြည်လင်ပြတ်သားမှုနှင့် ဓာတ်ပုံအရည်အသွေး ကောင်းမွန်မှုရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရှေးမြန်မာမင်းတို့ လက်ထက် မြန်မာနိုင်ငံတော်၏ အမျိုးဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ၊ အနုသုခုမ ပညာရပ်များ၊ ဘုရင့်နန်းတော်ကြီးများ၏ ကြီးကျယ်ခမ်းနားစွာဖြင့် တည်ဆောက် ထားရှိမှုများနှင့် ဩဇာတိက္ကမကြီးမား ကျယ်ပြန့်ခဲ့မှုများကို ပုံပေါ်အောင်ခင်းကျင်း ပြသထိန်းသိမ်းသွားရန်လိုကြောင်း၊ ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီး အတွင်း သန့်ရှင်းသာယာလှပစေရေး အမြဲမပြတ်ထိန်းသိမ်း ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ အလားတူ ဟံသာဝတီမြို့တော်ဟောင်းနေရာအား ပြန်လည်ဖော်ထုတ် ထိန်းသိမ်းနိုင်ရေး လုပ်ငန်းများကိုလည်း ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဟံသာဝတီမြို့ဟောင်း၊ ကမ္ဘောဇသာဒီနန်းတော်၏ ကျုံးကိုလည်း တစ်ဆက်တစ်စပ်တည်း ဖြစ်အောင် ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည် များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဘုရင့်နောင်မင်းတရားကြီး စီးနင်းအသုံးပြုခဲ့သည့် မြင်း ၁၆ ကောင်ကသော ရထားတော်ကြီး မူလအရွယ်အစား ပုံစံတူပြဆောင် အား ရှေးမူမပျက် ပြန်လည်တည်ဆောက်ပြီးစီးမှုအခြေအနေ များကိုသွားရောက်ကြည့်ရှုစစ်ဆေး ပြီး လိုအပ်သည်များ လမ်းညွှန် မှာကြားသည်။

ယင်းနောက် ဟံသာဝတီမြို့ရိုးရှိ သိန္နီတံခါးနေရာအား သွားရောက် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ က ပဲခူးမြို့၊ ဟံသာဝတီမြို့ဟောင်း၊ ကျုံး၊ မြို့ရိုးနှင့် မြို့တံခါးများဆိုင်ရာ အချက်အလက်များနှင့် ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများဆောင် ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် ဥက္ကဋ္ဌက ရှေးဟောင်းယဉ်ကျေးမှု အမွေ အနှစ်များကို မိမိတို့အနေဖြင့် ရှေးမူမပျက်စေဘဲ ပြန်လည် ထိန်းသိမ်းဆောင်ရွက်ထားရှိခြင်း သည် အနာဂတ်လူငယ်များအနေ ဖြင့် မျိုးချစ်စိတ်ဓာတ်များ ပိုမို ထွန်းကားလာအောင် ဆောင်ရွက် ပေးခြင်းပင်ဖြစ်ကြောင်း၊ ထိန်းသိမ်း ခြင်းလုပ်ငန်းများ ဆောင်ရွက်၍ ရှေးဟောင်းသမိုင်းဝင် အထင်ကရ အမွေအနှစ်များဖြစ်သည့်အတွက် စနစ်တကျဖြင့် ပုံစံတကျဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဟံသာဝတီမြို့ဟောင်း မြို့ရိုးတစ်လျှောက်တွင် ရှေးယခင် ကတည်းက ရှိပြီးဖြစ်သည့် ရှေးဟောင်းကျုံးနေရာများအား ပြန်လည်တူးဖော်ထိန်းသိမ်းသွား ရန်လိုကြောင်း၊ သိန္နီတံခါးရှိ တံတား ကိုလည်း ခေတ်မီနည်းပညာများ အသုံးပြု၍ ရှေးမူလက်ရာများ အတိုင်း ပြန်လည်ပြုပြင် တည်ဆောက်သွားရန် လိုကြောင်း၊ ကျုံးဘေးဝန်းကျင်၌ ပြည်သူများ အေးချမ်းစွာဖြင့် အနားယူအပန်း ဖြေရန်နေရာများ၊ ကိုယ်လက် ကြံ့ခိုင်ရေး ဆောင်ရွက်နိုင်သည့် နေရာများကို ဆောင်ရွက်ပေး သွားရန်လိုသကဲ့သို့ ကျုံးဘေး၌ မျက်စိပသာဒ ဖြစ်စေရေး ဆောင်ရွက်ပေးသွားရန် လိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဟံသာဝတီမြို့ရိုး၊ ကျုံးဘေးတစ်လျှောက်နှင့် ပဲခူးမြို့ အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြ ပြီး ပဲခူးမြို့အတွင်း ဖြတ်သန်း စီးဆင်းသွားသည့် ပဲခူးမြစ်အား ကျောက်စီနံရံများ ပြုလုပ်၍ ရေစီးဆင်းမှုများ ကောင်းမွန် စေရေး စနစ်တကျဖြင့် ထိန်းသိမ်း ဆောင်ရွက်ရန် တာဝန်ရှိသူများ ကို လမ်းညွှန်မှာကြားသည်။

မြန်မာသက္ကရာဇ် ၉၁၅ (အေဒီ ၁၅၅၃)ခုနှစ်တွင် ဘုရင့်နောင် မင်းတရားကြီးသည် ဟံသာဝတီ ဒေသ၌ အကျယ်အဝန်း ၃၄၀၀ စတုရန်းမီတာရှိကာ မြို့ရိုး ပတ်လည် တစ်ဖက်တစ်ချက်စီ တွင် မြို့တံခါးငါးပေါက်ပါရှိပြီး စုစုပေါင်း မြို့တံခါး ၂၀ ဖြင့် တည်ဆောက်ထားသည့်ကြီးကျယ် ခမ်းနားသည့် နန်းတော်သစ်တစ်ခု ကို တည်ဆောက်ခဲ့ပြီး "ကမ္ဘောဇ သာဒီ" ဟု ခေါ်တွင်စေခဲ့ကြောင်း၊ မြန်မာသက္ကရာဇ် ၉၄၃ ခုနှစ်(အေဒီ ၁၅၈၁ ခုနှစ်) သက်တော် ၆၆ နှစ် တွင် ဘုရင့်နောင်မင်းတရားကြီး နတ်ရွာစံခဲ့ပြီး သားတော်နန္ဒဘုရင် လက်ထက်တွင် ဟံသာဝတီမြို့ ပျက်စီးခဲ့ရကာ "ကမ္ဘောဇ သာဒီ" နန်းတော်ကြီးမှာလည်း မီးရှို့ ဖျက်ဆီးခံခဲ့ရကြောင်း၊ ထို့နောက် နှစ်ပေါင်း ၄၀၀ ကျော်ခန့် အပျက် အစီးများအောက်တွင် တိမ်မြုပ် ပျောက်ကွယ်ခဲ့ရသည့် "ကမ္ဘောဇ သာဒီ"နန်းတော်ကြီးကိုရှေးဟောင်း သုတေသနဦးစီးဌာနက ၁၉၉၀ ပြည့်နှစ် နှစ်ဆန်းပိုင်းမှ ၁၉၉၇ ခုနှစ်အထိ သုတေသနပြုတူးဖော် ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ ကြောင်း၊ မြေနန်းပြာသာဒ်ဆောင် နေရာအား ၁၉၉၃ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် စတင်သုတေသနပြု တူးဖော်ခဲ့ရာ မြေနန်းပြာသာဒ် ဆောင်၊ စနေဆောင်၊ လက်ဝဲဝင်း ဆောင်နှင့် လက်ယာဝင်းဆောင် တို့၏ အုတ်ခုံပန္နက်များကို တွေ့ရှိ ခဲ့ကြောင်း၊ အဆိုပါနေရာများမှ ကျွန်းတိုင်လုံး အကြွင်းအကျန်များ ကို တွေ့ရှိခဲ့ရပြီး အချို့ကျွန်းတိုင် များတွင် ပေးပို့ဆက်သသူများ၏ အမည်များကိုရေးထိုးထားသည် ကို တွေ့ရှိရကြောင်း၊ ဘုရင့်နောင် မင်းတရားကြီး၏မြေနန်းပြာသာဒ် ဆောင်၊ လက်ဝဲဝင်းဆောင်၊ လက်ယာဝင်းဆောင်နှင့် စနေ ဆောင်တို့ကို ပုံစံတူပြန်လည် တည်ဆောက်ရေးအတွက် တူးဖော် တွေ့ရှိရသည့် ပန္နက်ပုံ၊ မှတ်တမ်း အထောက်အထားများနှင့်ညှိနှိုင်း ၍ ပုံစံတူ ပြန်လည်တည်ဆောက် ထားခြင်းဖြစ်ကြောင်းနှင့် ပြည်တွင်း၊ ပြည်ပမှ လာရောက်လေ့လာသူ များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘုရင့်နောင်မင်းတရားကြီး စီးနင်းအသုံးပြုခဲ့သည့် မြင်း ၁၆ ကောင်ကသော ရထားတော်ကြီး မူလအရွယ်အစား ပုံစံတူပြဆောင်အား ကြည့်ရှုစစ်ဆေးစဉ်။

- ကမ္ဘောဇသာဒီရွှေနန်းတော်ကြီးအတွင်း ခင်းကျင်းပြသထားရှိသည့် ရှေးဟောင်းကျွန်းတိုင်လုံးကြီးများ၊ ရှေးဘုရင်များ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ ပြသထားရှိမှု၊ သမိုင်းကြောင်းအထောက်အထားများသည် ငွေကြေးဖြင့် တန်ဖိုးဖြတ်၍ မရနိုင်သည့် အဖိုးတန်အမွေအနှစ်များပင်ဖြစ်
- ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသေးစိတ် စနစ်တကျဖြင့် တန်ဖိုးထား လက်ဆင့်ကမ်း ထိန်းသိမ်းသွားကြရမည်

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ



နေပြည်တော် ဩဂုတ် ၃

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန (၄)နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း (Gold Camp) ရှိ (Gold Medal Hall)၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယ ဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်နှင့် ဦးဖြိုးဇော်စိုး၊ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းများနှင့် ၎င်းတို့၏ သားသမီးများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနများအနက် တိုင်းတစ်ပါးမြေတွင် အမိမြန်မာ နိုင်ငံ၏အလံကို အခြားနိုင်ငံ အလံများ၏အထက်ထိ လွှင့်ထူနိုင်အောင် ဆောင်ရွက်နိုင်သည့် ဝန်ကြီးဌာနသည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဖြစ်၍ ဂုဏ်ယူတတ်ကြရန် လိုကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ နိုင်ငံတော်၏ အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေး၊ အရှေ့တောင်အာရှ၊ အာရှနှင့် ကမ္ဘာ့နိုင်ငံများအကြား အဆင့်မြင့်မြင့် ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရရှိရေးတို့ကို တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် လွှမ်းခြုံအကောင် အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာန လုပ်ငန်းတာဝန်များ ကြီးမား ကျယ်ပြန့်သည်နှင့်အညီ မကြာမီ ထိုင်းနိုင်ငံ၌ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အမိနိုင်ငံ၏ဂုဏ်ကို မြှင့်တင်ပေးနိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ပိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ကြရန်နှင့် နိုင်ငံ့သားကောင်း ပီသစွာဖြင့် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာပြီး မိသားစု စိတ်ဓာတ်ဖြင့် စည်းလုံးပျော်ရွှင်စွာ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်လျက်ရှိသည့် ဝန်ထမ်းသား/သမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသူများ၊ ပြည်တွင်း/ ပြည်ပ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိခဲ့သည့် ဝန်ထမ်းများ၊ အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်အားကစားပြိုင်ပွဲများတွင် အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်ရရှိခဲ့ကြသူများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များက ပညာသင် ထောက်ပံ့ကြေးများ၊ ဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများအား အမှတ်တရလက်ဆောင်များ ကံစမ်းမဲဖောက်ပေးသည်။

ညနေပိုင်းတွင် ပျော်ပွဲရွှင်ပွဲ အစီအစဉ်အဖြစ် မြဝတီတေးဂီတ အဖွဲ့မှ သီဆိုဖျော်ဖြေပြီး ဝန်ထမ်းများ၏ သီချင်းဆိုပြိုင်ပွဲနှင့် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲများကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ-တရုတ် နှစ်နိုင်ငံရဲတပ်ဖွဲ့ မူဆယ်ဒေသအတွင်း တတိယအကြိမ် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးအတွက် တွေ့ဆုံဆွေးနွေးခြင်းနှင့် မူဆယ်မြို့နယ်အတွင်း တရားမဝင် ဝင်ရောက်ကာ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်သူများအား ဖော်ထုတ်ဖမ်းဆီးခဲ့သည့် တရုတ်နိုင်ငံသား ၂၅၆ ဦးအား ပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် ဩဂုတ် ၃

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန မှူခင်းရဲတပ်ဖွဲ့ နိုင်ငံရေးမှူး Mr. Jiang Guoli ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်တိုင်း မန်စီမြို့ရှိ YESTE ဟိုတယ်အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၆ ရက်တွင်တွေ့ဆုံကာ မူဆယ်ဒေသအတွင်း တတိယအကြိမ် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် မူဆယ်ဒေသအတွင်း အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးအား မြန်မာ- တရုတ် နှစ်နိုင်ငံပူးပေါင်း၍ ၂၀၂၄ ခုနှစ်တွင် ပထမအကြိမ်၊ ၂၀၂၅ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ဆောင်ရွက်ခဲ့ပြီး ကရင်ပြည်နယ် မြဝတီဒေသတွင်လည်း တရုတ်နိုင်ငံနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးစစ်ဆင်ရေးများ ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်အထိ နိုင်ငံခြားသား ၉၂၉၉ ဦးအား ဖော်ထုတ်စစ်ဆေးနိုင်ခဲ့ကြောင်းနှင့် ဆက်လက်၍ တရားမဝင်အွန်လိုင်းလိမ်လည်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး သတင်းဖလှယ်ခြင်း၊ ဖမ်းဆီးရမိတရားခံများအား ပြန်လည်လွှဲပြောင်းလက်ခံခြင်းနှင့် ဆက်လက်ဆောင်ရွက်ကြမည့် လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ကြသည်။





ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံရဲတပ်ဖွဲ့များ၊ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်မှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မူဆယ်ဒေသအတွင်း တတိယအကြိမ် အွန်လိုင်းလိမ်လည်မှု စစ်ဆေးဖော်ထုတ်ရေးအား ဇူလိုင် ၂၈ ရက်မှ ၃၀ ရက်အထိ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်အတွင်း တရားမဝင် ဝင်ရောက်၍ အွန်လိုင်းလိမ်လည်မှု ကျူးလွန်သူ တရုတ်နိုင်ငံသား ၂၅၆ ဦးတို့အား အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၅ လုံး၊ ကွန်ပျူတာအလုံး ၃၀၊ Laptop ခုနစ်လုံး၊ လက်ကိုင်ဖုန်းမျိုးစုံ ၃၁၁ လုံး၊ Wifi စက် ၁၄ လုံးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

အဆိုပါဖမ်းဆီးရမိခဲ့သူများအား မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ဆွေးနွေးပွဲသဘောတူညီချက်များအရ ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ် ဝင်/ထွက်ပေါက် မန်ဝိန်းဂိတ်၌ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများထံ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# တောင်သူစိုက်ပျိုးနည်းပညာပေးသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်

မင်းဘူး ဩဂုတ် ၃

မင်းဘူးခရိုင်၌ ဒေသတွင်း စိုက်ပျိုးရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် သီးနှံစိုက်ဧကများအား တိုးတက် မြင့်မားရေးအတွက် တောင်သူ စိုက်ပျိုးနည်းပညာပေး သင်တန်းများကို ဥယျာဉ်ဇင် ကျေးရွာ သိမ်ကုန်းရှေ့တန်းစခန်းဝင်းအတွင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ ယနေ့အထိ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိသည်။

အဆိုပါသင်တန်းတွင် မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး(စကု)၊ ပွင့်ဖြူ၊ စလင်း၊ စေတုတ္တရာနှင့် ငဖဲမြို့နယ်များမှ တောင်သူများနှင့် သရက်ခရိုင် မင်းလှမြို့နယ်မှ တောင်သူများက လစဉ်ဖွင့်လှစ်သည့် သင်တန်းအမျိုးအစားများအလိုက် တက်ရောက်ခဲ့ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သီတာလွင်ထံမှ သိရသည်။

မောင်မောင်(မင်းဘူး)



ဥပဒေဘောင်
အတွင်းနေထိုင်ခြင်း
ဘေးကင်းရန်ကွာ
စိတ်ချမ်းသာ

## သမ္မတ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ မလေးရှားဘုရင် ရုရှားနိုင်ငံသို့ သွားရောက်မည်





**ကွာလာလမ်ပူ ဩဂုတ် ၃**

ကမ္ဘာလုံးဆိုင်ရာသံတမန်ဆက်ဆံရေးများ ပြောင်းလဲနေချိန်တွင် နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုနက်ရှိုင်းစေရန် ကြိုးပမ်းသည့်အနေဖြင့် မလေးရှားဘုရင်သည် ရုရှားသို့ လာမည့်အပတ်တွင် သမိုင်းဝင်ခရီးစဉ်သွားရောက်ကာ သမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

ဘုရင်ဆူလ်တန် အီဘရာဟင်မ်ဆူလ်တန် အစ္စကန်ဒါ၏ ခရီးစဉ်သည် ဩဂုတ် ၅ ရက်မှ ဩဂုတ် ၁၀ ရက်အထိဖြစ်ပြီး သမ္မတဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ သွားရောက်ခြင်း ဖြစ်သည်။

၁၉၆၇ ခုနှစ်တွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ပြီးနောက် မလေးရှားဘုရင်တစ်ပါး၏ ရုရှားနိုင်ငံသို့ ပထမဆုံးအကြိမ် နိုင်ငံတော်ခရီးစဉ်အဖြစ် သွားရောက်ခြင်းလည်း ဖြစ်သည်။

ထိုခရီးစဉ်သည် နိုင်ငံ၏ သံတမန်ရေးရာ တိုးတက်မှုတွင် မလေးရှားဘုရင်မင်းမြတ်၏ အရေးပါသောအခန်းကဏ္ဍကို ထင်ဟပ်စေလိမ့်မည်ဟု အီစတာနာနေဂါရာနန်းတော်က ထုတ်ပြန်ကြေညာသည်။

ထို့ပြင် ကုန်သွယ်ရေး၊ နည်းပညာနှင့် အဆင့်မြင့်ပညာရေး အပါအဝင် နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုအတွက် နည်းလမ်းသစ်များ ပွင့်လာနိုင်မည်ဟုလည်း မျှော်လင့်ရသည်။

ဘုရင် ဆူလ်တန်အီဘရာဟင်မ်အား မော်စကိုရှိ ကရင်မလင်နန်းတော်တွင် နိုင်ငံတော်အခမ်းအနားဖြင့် ကြိုဆိုမည်ဖြစ်ပြီး ဩဂုတ် ၆ ရက်တွင် သမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

**Mon**

## ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံနှင့် ရဝမ်ဒါနိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စည်းမျဉ်းများ သဘောတူညီ




**ကင်ရှာဆာ ဩဂုတ် ၃**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ရဝမ်ဒါနိုင်ငံအကြား လွန်ခဲ့သော ဇွန်လက လက်မှတ်ရေးထိုးခဲ့သည့် ငြိမ်းချမ်းရေးသဘောတူညီချက်အရ ကဏ္ဍအသီးသီးတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအပေါ် ယမန်နေ့က သဘောတူညီခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြားဝင်စေ့စပ်မှုဖြင့် သဘောတူညီခဲ့သော အချက်များသည် စွမ်းအင်၊ အခြေခံအဆောက်အအုံ၊ သတ္တုရိုင်းထောက်ပံ့ရေးကွင်းဆက်၊ အမျိုးသားဥယျာဉ်များနှင့် ပြည်သူ့ကျန်းမာရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုအပါအဝင် ဒေသတွင်းစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ မူဘောင်တို့ကို အကျဉ်းချုပ်ထားခြင်း ဖြစ်သည်။

ယင်းမူဘောင်၏ ကနဦးမူကြမ်းကို သဘောတူညီခဲ့ပြီးနောက် အပြီးသတ်မပြုလုပ်မီ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများထံမှ တုံ့ပြန်မှုရရှိရန်အတွက် အချိန်ကာလတစ်ခု သတ်မှတ်ပေးမည်ဖြစ်ကြောင်း အဆိုပါကိစ္စနှင့် နီးစပ်သည့် သတင်းရင်းမြစ်တစ်ခုက အတည်ပြုသည်။

အဆိုပါနှစ်နိုင်ငံအနေဖြင့် သက်ဆိုင်ရာနိုင်ငံအလိုက် သယံဇာတပစ္စည်းများ ထုတ်ယူသုံးစွဲခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းတို့အပေါ် အချုပ်အခြာအာဏာ အပြည့်အဝပိုင်ဆိုင်ကြောင်း အတည်ပြုကာ သတ္တုသန့် စင်ထုတ်လုပ်ခြင်းနှင့် ပြောင်းလဲထုတ်လုပ်ခြင်း စွမ်းရည်တိုးတက်စေရန်အတွက် ၄င်းတို့၏အရေးပါမှုကို အသိအမှတ်ပြုခဲ့ကြကြောင်း သိရသည်။

**Mon**

## မိုးသက်မုန်တိုင်း သတိပေးချက် အပြာရောင်မှ အဝါရောင်အဆင့်သို့ တရုတ်နိုင်ငံ တီယန်ကျင်းမြို့ရှိ မိုးလေဝသဌာနက အဆင့်မြှင့်တင်ခဲ့

**ပေကျင်း ဩဂုတ် ၃**

တရုတ်နိုင်ငံ တီယန်ကျင်းမြို့ရှိ မိုးလေဝသဌာနက မိုးသက်မုန်တိုင်းဆိုင်ရာ သတိပေးချက်အပြာရောင်မှ အဝါရောင်အဆင့်သို့ ဩဂုတ် ၃ ရက် နံနက်အစောပိုင်းတွင် အဆင့်မြှင့်တင်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ထိုနေ့ နံနက်ပိုင်းအထိ နင်ဂျယ်နယ်ရှိ ပန်ဇူအန်းမြို့နယ်တွင် တစ်နာရီ မိုးရေချိန် မီလီမီတာ ၁၀၀ကျော် ရွာသွန်းခဲ့ပြီး အခြားမြို့နယ်များနှင့် အနီးတစ်ဝိုက်ရှိ ဒေသများတွင်လည်း မိုး ဆက်လက်ရွာသွန်းနေသည်။

ဒေသစံတော်ချိန် နံနက် ၆ နာရီ ၃၄ မိနစ်တွင် မိုးသက်မုန်တိုင်းဆိုင်ရာ သတိပေးချက်ကို အပြာရောင်မှ အနီရောင်သို့ အဆင့်မြှင့်တင်ခဲ့ပြီး သဘာဝဘေးအန္တရာယ်ဖြစ်နိုင်ခြေ အလွန်မြင့်မားသဖြင့် အထူးကြိုတင်ကာကွယ်မှုများ ပြုလုပ်သင့်သည်ဟု မြို့ခံများကို နင်ဂျယ်ခရိုင်ရှိ မိုးလေဝသဌာနက နှိုးဆော်ထားသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့တွင်း ရေကြီးခြင်း၊ စိုက်ပျိုးမြေများ ရေလွှမ်းမိုးခြင်းနှင့် ယာဉ်ကြောပိတ်ဆို့ခြင်းများ ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

**Mon**





## အစ္စရေးနှင့် အပစ်အခတ်ရပ်စဲပြီးနောက် အီရန်လေပိုင်နက်ကို အပြည့်အဝပြန်ဖွင့်

**တီဟီရန် ဩဂုတ် ၃**

အစ္စရေးနှင့် ပဋိပက္ခစတင်ချိန်မှစ၍ အီရန်က ၎င်းတို့၏ လေပိုင်နက်၌ ကန့်သတ်ချက်များထားရှိပြီး ယခုအခါ ကျန်ရှိနေသည့် ကန့်သတ်ချက်များအားလုံးကို ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း နိုင်ငံမြို့ပြလေကြောင်းအဖွဲ့(စီအေအို)က ဩဂုတ် ၂ ရက်တွင် ကြေညာခဲ့သည်။

### ပဋိပက္ခမတိုင်မီကာလအခြေအနေသို့ ပြန်လည်ရောက်ရှိ

ပြည်တွင်းနှင့် နိုင်ငံတကာလေကြောင်းပျံသန်းပြေးဆွဲမှုများအားလုံးသည် ပဋိပက္ခမတိုင်မီကာလ အခြေအနေသို့ ပြန်လည်ရောက်ရှိပြီဟု စီအေအို၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

### ၂၄ နာရီ လည်ပတ်မှုများ ပြန်လည်စတင်နေ

တီဟီရန်မြို့ရှိ မီရာဘတ် အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ၂၄ နာရီ လည်ပတ်မှုများ ပြန်လည်စတင်နေပြီဟုလည်း အတည်ပြုခဲ့သည်။ ယခုအချိန်မှစတင်၍ လေကြောင်းလိုင်းများနှင့် ခရီးသွားအေဂျင်စီများအားလုံးသည် ၂၄ နာရီ ပျံသန်းရေးဝန်ဆောင်မှုများနှင့် လက်မှတ်ရောင်းချမှုများကို တစ်ဖန်ပြန်၍ ပြုလုပ်နိုင်ပြီဟု ထုတ်ပြန်ချက်တွင် ပါဝင်သည်။

ဇွန် ၂၆ ရက်မှစတင်၍ အီရန်လေပိုင်နက် ပြန်လည်ဖွင့်လှစ်ခြင်းလုပ်ငန်းစဉ်များကို လုပ်ဆောင်ခဲ့ပြီး လေဆိပ်များတွင် ၎င်းတို့၏ ပုံမှန်လုပ်ငန်းလည်ပတ်မှုများကို တဖြည်းဖြည်းချင်း ပြန်လည်စတင်ခဲ့သည်။

ဇူလိုင် ၁၇ ရက်တွင် တီဟီရန်ရှိမီရာဘတ်လေဆိပ်မှလွဲ၍ စီအေအိုမှ ကန့်သတ်အချိန်ဇယားအတိုင်း ကျန်လေဆိပ်များအားလုံး ဝန်ဆောင်မှုများ ပြန်လည်ရရှိပြီဟု ကြေညာခဲ့သည်။

**ဆင်ဟွာ**

**ရုရှားနိုင်ငံအရှေ့ပိုင်း ကမ်ချတ်ကာဒေသတွင် နှစ်ပေါင်း ၄၇၅ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် မီးတောင်တစ်တောင် ပေါက်ကွဲနေသည်ကို ယမန်နေ့က တွေ့ရစဉ်။ Mon**



## ကနေဒါတောမီးများမှ ထွက်ရှိလာသည့် မီးခိုးများကြောင့် အမေရိကန်နယ်စပ်တစ်လျှောက် သတိပေးချက်များ ထုတ်ပြန်ထားရ



**ဝါရှင်တန် ဩဂုတ် ၃**

ကနေဒါနိုင်ငံတွင် တောက်လောင်နေသည့် တောမီးများမှ ထွက်ရှိလာသည့် မီးခိုးများကြောင့် အမေရိကန်နယ်စပ်တစ်လျှောက် လေအရည်အသွေးသတိပေးချက်များ ထုတ်ပြန်ထားရကြောင်း သိရသည်။

ဩဂုတ် ၂ ရက်ကတည်းက ကနေဒါတစ်ဝန်း မီးလောင်ကျွမ်းမှုများ ဆက်လက်ဖြစ်ပွားနေခဲ့ရာမှ ထွက်လာသည့် မီးခိုးများသည် အမေရိကန်ပြည်ထောင်စု အလယ်ပိုင်းရှိ ပြည်နယ်များအပေါ်သို့ ရောက်ရှိနေပြီး အနည်းဆုံး သုံးရက်မြောက်နေ့အထိ ကျန်းမာရေးနှင့်မညီညွတ်သည့် လေထုဖြစ်နေသည်ဟု သတိပေးချက်များ ထုတ်ပြန်ခဲ့သည်။

အမေရိကန်ရှိ အိုင်အိုဝါ၊ မင်နီဆိုတာ၊ ဝစ္စကွန်ဆင်၊ မစ်ရှီဂန်ပြည်နယ်များအပြင် နီဘရာစကာပြည်နယ်၏ အရှေ့ပိုင်းဒေသများနှင့် အင်ဒီယာနာနှင့် အီလီနွိုက်ပြည်နယ်တို့၏ အစိတ်အပိုင်းအချို့တွင် လေအရည်အသွေး သတိပေးချက်များ ထုတ်ပြန်ထားသည်။

မင်နီဆိုတာပြည်နယ်၊ မင်နီယာပလစ်မြို့တွင် အခြေအနေများ အထူးဆိုးရွားခဲ့ပြီး ဆွစ်ဇာလန်အခြေစိုက် လေအရည်အသွေးစောင့်ကြည့်ရေးအဖွဲ့၏ ဖော်ပြချက်အရ သောကြာနေ့ကတည်းကပင် အဆိုပါ အမေရိကန်မြို့သည် ကမ္ဘာပေါ်တွင် လေထုညစ်ညမ်းမှု အဆိုးရွားဆုံးမြို့များထဲမှ တစ်မြို့အဖြစ်ရှိနေကြောင်း သိရသည်။

**Mon**



## ဆက်သွယ်ရေး လိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**နိုလမ် ဩဂုတ် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နိုလမ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ အင်တာနက်အွန်လိုင်းအသုံးပြု၍ လောင်းကစားမှု၊ လိမ်လည်မှုနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာများ သတိပြုဆင်ခြင်နိုင်စေရန်ရည်ရွယ်၍ အဆိုပါကျောင်းရှိ မြတ်ရတနာခန်းမတွင် ဩဂုတ် ၂ရက်နံနက် ၉ နာရီက ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ အ.ထ.က(နိုလမ်)၊ ကျောင်းအုပ်ဆရာကြီး ဦးကျော်စိန်က ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အထက်တန်း(ပြ) ဆရာမ ဒေါ်နန်းမြဦးက ယနေ့ခေတ်တွင် ဆက်သွယ်ရေးနည်းပညာများ လျင်မြန်စွာ တိုးတက်လျက်ရှိရာ လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် နည်းမျိုးစုံဖြင့် လိမ်လည်ခံရသူများ မရှိစေရေးအတွက် ကျောင်းသား၊ ကျောင်းသူများ သတိပြုဆင်ခြင်နိုင်စေရေး၊ အင်တာနက်အွန်လိုင်းအသုံးပြု၍ လူပုဂ္ဂိုလ်(သို့မဟုတ်) အဖွဲ့အစည်းများထံမှ လိမ်လည်လှည့်ဖြားရယူခြင်းများ၊ လောင်းကစားမှု၊ လိမ်လည်မှုနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာများအား သတိပြုဆင်ခြင်နိုင်ရေး အသိပညာပေးဆွေးနွေးခဲ့ပြီး ပညာပေးဗီဒီယိုကလစ်များ ပြသပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ပတ်ဝန်းကျင်နှင့် ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်အကြောင်း အသိပညာပေးဆွေးနွေး

**တောင်တွင်းကြီး ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ပတ်ဝန်းကျင်နှင့် ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်အကြောင်း အသိပညာပေးဆွေးနွေးပွဲ(Talk Show)ကို ယနေ့နံနက် ၁၀နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က အသိပညာပေးဆွေးနွေးပွဲ (Talk Show) ကျင်းပပြုလုပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နီလာဝင်းက ပတ်ဝန်းကျင်အဓိပ္ပာယ်၊ ပလတ်စတစ်ဖြစ်ပေါ်လာပုံ၊ ပလတ်စတစ်အိတ်များကို တွင်ကျယ်စွာ အသုံးပြုနေကြသည့် အကြောင်းအရင်းများ၊ ပလတ်စတစ်ညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများ၊ တစ်ခါသုံး ပလတ်စတစ်ကို လျှော့ချနိုင်မည့် နည်းလမ်းများ၊ ပလတ်စတစ်စွန့်ပစ်အမှိုက်များကို ဖြေရှင်းရန်နည်းလမ်းများ၊ ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ်နှင့် ပတ်သက်၍ အများပြည်သူများအနေဖြင့် ဆောင်ရွက်သင့်သည့်အချက်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲ (Talk Show)ကို ပြည်သူများ ပလတ်စတစ်ညစ်ညမ်းမှုနှင့်ပတ်သက်၍ အသိပညာဗဟုသုတရရှိစေရန်အတွက် တောင်တွင်းကြီးမြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(ဗိသနိုးမြေ)**




## စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွား

**စစ်ကိုင်း ဩဂုတ် ၃**

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ ၂၂လမ်းနှင့် ၂၅လမ်းထောင့်တွင် ဇူလိုင် ၃၁ရက် ည ၁၀ နာရီခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် စစ်ကိုင်းခရိုင်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ မီးသတ်ရေသယ်ယာဉ် နှစ်စီး၊ စစ်ကိုင်းမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ် တစ်စီး၊ စိန်ကုန်းအရန်မီးသတ်စခန်းမှ ရေသယ်ယာဉ် တစ်စီး၊ သုခကာရီလူမှုရေးအသင်းမှ ရေသယ်ယာဉ် တစ်စီးနှင့် သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ထွက်ခွာငြိမ်းသတ်ရာ ည ၁၁နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (ဝ၄၅)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၇၂လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၂ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင် မီးသွေး ၂၈ ဒသမ ၈၀၀ တန်၊ အခြားသစ် ၁ ဒသမ ၅၂၅ တန်ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၁၀ စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၄၃ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။



**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*-*-*-*-*

## ဥတ္တရသီရိမြို့နယ်၌ နှစ်လုံးထီလောင်းကစားသူ အမျိုးသမီးတစ်ဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဩဂုတ် ၃**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၌ ယမန်နေ့က နှစ်လုံးထီလောင်းကစားသူ အမျိုးသမီးတစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။ **(အောက်ယာပုံ)**


ဖြစ်စဉ်မှာ ဩဂုတ် ၁ ရက် မွန်းလွဲ ၁ နာရီခွဲက ဥတ္တရသီရိမြို့နယ်၊ ကျွဲရှင်းကျေးရွာနေ ဌေးဌေးမြင့်၏ နေအိမ်၌ နှစ်လုံးထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ဥတ္တရသီရိခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ မဌေးဌေးမြင့်အား ၎င်းနေအိမ်၌ နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဌေးဌေးမြင့်အား တောင်ညိုနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

## Timothy Dalton (James Bond) မင်းသားက ဇာတ်ကားသစ်ကို ကြိုဆိုထား



James Bond သရုပ်ဆောင်တစ်ဦးဖြစ်ခဲ့သည့် Timothy Dalton က James Bond ဇာတ်ကားသစ် ဖန်တီးရန် ဆွေးနွေးမှုအပေါ် ကြိုဆိုကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ James Bond ဇာတ်ကားသစ်ကို Harry Potter နှင့် Spiderman ထုတ်လုပ်သူများက အမေဇုံနှင့် ဆွေးနွေးခဲ့ကြပြီး ဇာတ်ကားသစ်ထုတ်လုပ်ရန် စီစဉ်နေကြသည်။

James Bond သရုပ်ဆောင်ဟောင်း Timothy Dalton က "အမေဇုံသတင်းကြောင့် အလွန်အံ့အားသင့် တုန်လှုပ်သွားခဲ့ရပါသည်" ယခင် James Bond ထုတ်လုပ်သူ Barbara Broccoli မှာ ထူးချွန်သူဖြစ်ပြီး ဖခင်အမွေကို ဆက်ခံထားရာမှ လက်လွှဲပေးလိုက်မှုအပေါ် ဝမ်းနည်းစရာဖြစ်ခဲ့သော်လည်း ဆက်လက်ထိန်းသိမ်းနိုင်မည်ဟု ယုံကြည်ပါသည်"ဟူ၍ ဇာတ်ကားသစ်ကို ကြိုဆို ဂုဏ်ပြုထားသည်။

လက်ရှိထုတ်လုပ်သူ Barbara Broccoli နှင့် Michael G. Wilson တို့က အရောင်းအဝယ်မပြီးမချင်း ဘယ်အရာမှ တရားဝင်မဖြစ်နိုင်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

(SKY)

## BTS မှ RM က Alo Yoga Flagship Store နောက်ခံနှင့် ပုံတင်ထား

BTS အဖွဲ့ဝင် RM သည် သင်တန်းကာလ အားလပ်ရက်တွင် သူ၏ Instagram ပေါ်၌ Alo Yoga Flagship Store ပေါ်မှ အဖွဲ့ဝင် Jin ၏ ပုံကိုနောက်ခံ၍ ပုံတင်ကာ အားပေးထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



RM သည် Jin ကြော်ငြာထားသည့် Alo Yoga Falgship Store နောက်ခံပုံတွင် "နွေဦးကရက်စက်တဲ့ ရာသီတစ်ခုပဲ"ဟု ရေးသားတင်ထားရာ ပရိသတ်များက RM ၏ အားပေးမှုကို သဘောကျနေကြသည်။

အနုပညာခရီးကို အေးအတူပူအမျှ ဖြတ်သန်းခဲ့ကြသည့် BTS အဖွဲ့ဝင်ခုနစ်ဦးမှာ မကြာမီသောကာလတွင် အတူပြန်ဆုံ၍ အနုပညာအစွမ်းများ ပြသကြတော့မည်ဖြစ်သည်။ (SKY)

## Han Ga In က You Quiz တွင် G Dragon အကြောင်း ပြောကြားသွား

တစ်ချိန်က နာမည်ကြီးအနုပညာရှင် ဖြစ်ခဲ့သည့် Han Ga In သည် You Quiz ရသစုံအစီအစဉ်တွင် ပါဝင်ခဲ့ပြီး G Dragon ၏ အမာခံပရိသတ်ဖြစ်ကာ ချီးကျူးစကားပြောကြားသွားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Han Ga In မှာ အိမ်ထောင်ကျပြီးနောက် အနုပညာလုပ်ငန်းများ ရပ်နားထားပြီး အိမ်ရှင်မကောင်း တာဝန်ယူထားရာမှ ရသစုံအစီအစဉ်တွင် ပါဝင်ကာ G Dragon ၏ အမာခံပရိသတ်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

လက်ရှိ G Dragon ၏ ကျော်ကြားမှုနှင့် အယောက် ၁၀၀ မေးလျှင် ၁၀၀ လုံးက G Dragon ကို ပျော်ရွှင်နေစေချင်ကြကြောင်း နှစ်ချီစောင့်နေခဲ့ကြသည့် G Dragon ပရိသတ်များက သူ၏ လုပ်နိုင်စွမ်းကို တသသ ဂုဏ်ယူမဆုံးဖြစ်နေကြကြောင်း တို့ကို Han Ga In က ပြောကြားထားသည်။ (SKY)







## Kim Taehyung @ V ကို ဒါရိုက်တာများက သရုပ်ဆောင်ရန် ကမ်းလှမ်းထားကြ

BTS အဖွဲ့ဝင် V (ခေါ်) Kim Taehyung နှင့် IU ၏ Love Wins All ဂီတ MTV ရိုက်ကူးသူ ဒါရိုက်တာနှင့် အခြားဒါရိုက်တာများက V ကို သရုပ်ဆောင်ရန် ကမ်းလှမ်းထားကြကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ MTV ရိုက်ကူးရေးဒါရိုက်တာနှင့် ဇာတ်ညွှန်းဆရာက Kim Taehyung က ဇာတ်ကားရိုက်ကူးပေးမည်ဆိုလျှင် ကျေးဇူးတင်ကြောင်း၊ V က မည်သည့်ဇာတ်ကောင်ကိုမဆို ဖန်တီးပေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ နှစ်ရက်အတွင်း ရိုက်ခဲ့သည့် MTV မှာ ဆုရရှိခဲ့ပြီး သူ၏ သရုပ်ဆောင်လိုစိတ်ကို မြင်တွေ့ခဲ့ရကြောင်း၊ ရိုက်ကူးပြီး သင်တန်းသွားခဲ့၍ အတူတွဲ လုပ်ကိုင်လိုကြောင်း ပြောကြားထားသည်။

V ၏ Friends MV ကို ကြည့်၍ Drama ဇာတ်ကားအတွက် ရိုက်ကူးရန်လည်း အခြားဒါရိုက်တာများက ကမ်းလှမ်းထားကြရာ အဆိုတော်အဖြစ်သာမက V ကို သရုပ်ဆောင်အဖြစ် မကြာမီ မြင်တွေ့ကြရမည်ဖြစ်သည်။

(SKY)

## Justin Bieber အပါအဝင် အနုပညာရှင်များ ဝင်ငွေများစွာ ပိုင်ဆိုင်ထား

ဟောလီဝုဒ်အနုပညာလောကမှ Justin Bieber အပါအဝင် အနုပညာရှင် ရှစ်ဦးတို့သည် Spotify တွင် အားပေးမှုများစွာနှင့် ဝင်ငွေမြင့်မားစွာ ပိုင်ဆိုင်ထားကြသူများဖြစ်ကြောင်း ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အနုပညာရှင် ရှစ်ဦးစာရင်းတွင် ဒရိတ်၊ တေလာဆွစ်၊ ဘတ်တန်နီ၊ သည်ဝီကင်း၊ Justin Bieber ၊ အက်ရှာရန်၊ အာရီနာဂရန်ဒီနှင့် အမ်မီနမ်တို့ ပါဝင်ကြပြီး Stream ပေါင်း သန်းငါးသောင်းမှ သန်းပေါင်း တစ်သိန်းကျော် ရရှိထားသူများ ဖြစ်ကြသည်။

အဆိုပါ အနုပညာရှင်ရှစ်ဦး၏ သီချင်းများမှာ Spotify မှ အနိမ့်ဆုံး ၂၈၅ သန်း၊ အမြင့်ဆုံး သန်း ၅၅၀ အထိ ဝင်ငွေရရှိထားကြကာ အဆိုတော်တစ်ဦးတည်းမဟုတ်ဘဲ တေးသံသွင်း၊ ဖြန့်ချိစရိတ်၊ မူပိုင်ခွင့်ခ၊ တေးရေး၊ တေးဆိုတို့ ခွဲဝေယူရကာ စာချုပ်ပေါ် မူတည်၍ ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ အဆိုတော်များက ပိုင်ဆိုင်ထားကြသည်။ (SKY)



## အိပ်စက်ခြင်းအတွက် အစွမ်းထက်သော အာနိသင် ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံများနောက်ကွယ်၌ ပုန်းကွယ်နေ

ယနေ့ခေတ်တွင် လူအချို့သည် ညစဉ် အိပ်စက်ခြင်း ပြဿနာကြုံတွေ့နေကြရသဖြင့် အိပ်ရေးဝစေရန်အတွက် နည်းလမ်းပေါင်းများစွာ အသုံးပြုနေကြရသည်။

ကောင်းစွာအိပ်မပျော်လျှင် နှလုံးနှင့် သွေးကြောဆိုင်ရာ၊ ဇီဝကမ္မဖြစ်စဉ်ဆိုင်ရာ၊ မှတ်ဉာဏ်၊ သင်ယူမှု၊ အလုပ်လုပ်နိုင်စွမ်း၊ စိတ်ခံစားမှုထိန်းချုပ်နိုင်စွမ်းနဲ့ လူမှုဆက်ဆံရေးတွေအပေါ်မှာ ဆိုးကျိုးများစွာ ဖြစ်စေနိုင်သဖြင့် အိပ်ရေးဝဝ အိပ်ခွင့်ရရန် ကြိုးစားကြရခြင်း ဖြစ်သည်။

စင်စစ်တွင် အိပ်စက်ခြင်းအတွက် အစွမ်းထက်သော အာနိသင်သည် ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံများနောက်ကွယ်၌ ပုန်းကွယ်နေကြောင်း ချီကာဂိုဆေးတက္ကသိုလ်နှင့် ကိုလံဘီယာတက္ကသိုလ်တို့မှ သုတေသီများ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့သည်။

အိပ်စက်ခြင်းဆိုင်ရာ သုတေသီတစ်ဦးဖြစ်သော အယ်ဆရာတာဆာလီက "အစားအသောက်ပုံစံကို ပြောင်းလဲပေးခြင်းဟာ ပိုမိုကောင်းမွန်တဲ့ အိပ်စက်ခြင်းကို ရရှိဖို့အတွက် အသစ်အဆန်းဖြစ်ပြီး သဘာဝကျတဲ့၊ ကုန်ကျစရိတ်သက်သာတဲ့ နည်းလမ်းတစ်ခုဖြစ်နိုင်ပါတယ်"ဟု ရှင်းလင်းပြောကြားသည်။ (SCI)

## Grown Ups 1 နှင့် 2 တွင် စစ်မှန်သော သူငယ်ချင်းအကြောင်း ရိုက်ကူးတင်ပြထား




စစ်မှန်သောသူငယ်ချင်း တစ်ယောက်နှင့် ဆွေမျိုးတစ်သောင်း တန်သည်ဟူသော ဆိုရိုးနှင့်အညီ ဒါရိုက်တာက သူငယ်ချင်းဆက်ဆံရေး၏ အစစ်အမှန်များကို Grown Ups 1 နှင့် 2 တွင် ရိုက်ကူး တင်ပြထားကြောင်း ဟောလီဝုဒ် ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကား ပထမပိုင်းတွင် ကျောင်းတွင်းဘတ်စကတ်ဘောပြိုင်ပွဲတွင် အနိုင်ရရှိထားသည့် သူငယ်ချင်း ငါးဦး၊ နောက်နှစ် ၃၀ အကြာတွင် အိမ်ထောင်ကိုယ်စီနှင့် ကွဲကွာနေကြရာမှ နည်းပြ ကွယ်လွန်သွားချိန် ပြန်လည်ဆုံတွေ့ခဲ့ကြပြီး အတူစုံကြရင်း ဇနီး၊ သား၊ သမီးတို့၏ ပြဿနာများကို ထိန်းကျောင်း၍ ပျော်စရာအချိန်များနှင့် ဇာတ်အိမ်တည်ထားသည်။

ဒုတိယပိုင်းတွင် သူငယ်ချင်း ငါးဦး စကြ၊ ပြောင်ကြ၊ ပျော်ကြနှင့် လိုအပ်နေချိန် ကူညီပေးခဲ့ကြပြီး သူငယ်ချင်းဆက်ဆံရေး၏ အစစ်အမှန်များကို တွေ့မြင်ခံစားစီးမျောကြရမည် ဖြစ်သည်။

(SKY)



# နိုင်ငံတကာ အားကစား သတင်းများ



## မိုချန်ဂလာဘတ်အသင်းက ဗလင်စီယာအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဩဂုတ် ၃**

ရာသီကြို ခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက မိုချန်ဂလာဘတ်အသင်းနှင့် ဗလင်စီယာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မိုချန်ဂလာဘတ်အသင်းက ဗလင်စီယာအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မိုချန်ဂလာဘတ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၁၇မိနစ်တွင် ဟက်ခ်၊ ပွဲချိန် ၅၁ မိနစ်တွင် ကီဗန်တို့က အသီးသီး သွင်းယူပေးခဲ့သည်။ **(အပေါ်ပုံ)**

မိုချန်ဂလာဘတ်အသင်းသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၉ ရက်တွင် ဘရန့်ဖို့ဒ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားဦးမည် ဖြစ်သည်။ **(NGB)**

## ရမ်းစ်ဒေးလ်ကို အငှားစာချုပ်ဖြင့် နယူးကာဆယ်အသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၃**

နယူးကာဆယ်အသင်းသည် ဆောက်သမ်တန်အသင်း ဂိုးသမား ရမ်းစ်ဒေးလ်ကို တစ်ရာသီ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ဂိုးသမားသည် ဆောက်သမ်တန်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၂ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက တစ်ရာသီအငှားဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းထုတ်ပြန်ချက်တွင် ‘ရမ်းစ်ဒေးလ်ကို တစ်ရာသီအငှားစာချုပ်နဲ့ ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်းအသင်းကိုများစွာ အထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ’ဟု ထုတ်ပြန်သည်။

**(အောက်ပုံ)(NGB)**





## နည်းပြ ဆိုင်မွန်ဝေးလ် လီဗာပူး ယူ-၁၈ အသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရ



**လီဗာပူး ဩဂုတ် ၃**

လီဗာပူး ယူ-၁၈အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဆိုင်မွန်ဝေးလ်အား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဘမ်ဘာဘရစ်ချ်အသင်းတွင် လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သလို ဖလက်ဝုဒ်တောင်းအသင်းတွင်လည်း ယူ-၁၈ နည်းပြအဖြစ်ဆောင်ရွက်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် လီဗာပူး ယူ-၁၈ အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

အသက်(၄၀)နှစ်အရွယ်ရှိ နည်းပြ ဆိုင်မွန်ဝေးလ်က ‘ကျွန်တော် အခုလို လီဗာပူး ယူ-၁၈ အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ယူ-၁၈အသင်း အောင်မြင်မှုများရယူနိုင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ’ ဟု ပြောသည်။ **(အပေါ်ဝဲပုံ)(NGB)**

## ကော်နာကိုဒီကို Wrexham အသင်း ခေါ်ယူ





**လန်ဒန် ဩဂုတ် ၃**

အင်္ဂလိပ်ချန်ပီယံရှစ်ကလပ် Wrexham အသင်းသည် လက်စတာစီးတီးအသင်း ဝါရင့်နောက်ခံကစားသမား ကော်နာကိုဒီကို ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် Wrexham အသင်းနှင့်အတူ နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား ကော်နာကိုဒီသည် လက်စတာစီးတီးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၃ပွဲကစားပြီး နှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် Wrexham အသင်းကခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ကော်နာကိုဒီက ‘ကျွန်တော် Wrexham အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော့်ကိုနွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ လာမယ့်ဘောလုံးရာသီမှာ ဒီအသင်းနဲ့အတူ အောင်မြင်မှုများရရှိအောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ’ဟု ပြောသည်။ **(ဝဲပုံ)**

**(NGB)**

## တူချောင်မန်နီ အသင်းတွင် ဆက်ရှိသွားမည်ဟု ရီးရဲလ်မက်ဒရစ်အသင်း အတည်ပြု

**မက်ဒရစ် ဩဂုတ် ၃**

ကွင်းလယ်ကစားသမား တူချောင်မန်နီ အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ရီးရဲလ်မက်ဒရစ်အသင်းက အတည်ပြုခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် အာဆင်နယ်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ရီးရဲလ်မက်ဒရစ်အသင်းက ပယ်ချခဲ့သည်။

ကွင်းလယ်ကစားသမား တူချောင်မန်နီသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၆ပွဲကစားပြီး ငါးဂိုး သွင်းယူထားသည်။

ရီးရဲလ်မက်ဒရစ်အသင်း ထုတ်ပြန်ချက်တွင် ‘တူချောင်မန်နီ အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်’ဟု ထုတ်ပြန်သည်။ **(အောက်ပုံ)(NGB)**





## 2025 T-Mobile Polish Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Katerina Siniakova ဆွတ်ခူး

**လန်ဒန် ဩဂုတ် ၃**

ပိုလန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 T-Mobile Polish Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ချက်တင်းနစ်မယ် Katerina Siniakova က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။ **(အောက်ယာပုံ)**

အဆိုပါ ချက်တင်းနစ်မယ် Katerina Siniakova သည် 2025 T-Mobile Polish Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဆွစ်ဇာလန်တင်းနစ်မယ် Viktorija Golubic အား ၆-၁၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ Katerina Siniakova က ‘ကျွန်မ အခုလို 2025 T-Mo-bile Polish Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေနဲ့ နိုင်ငံအတွက်ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ’ဟု ပြောသည်။ **(NGB)**



## ပါကွီတာကို ခေါ်ယူရန် မန်ချက်စတာစီးတီးအသင်းစီစဉ်

**မန်ချက်စတာ ဩဂုတ် ၃**

မန်ချက်စတာစီးတီးအသင်းသည် ဝက်စ်ဟမ်းအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ပါကွီတာကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် ဝက်စ်ဟမ်းအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၀ ပွဲ ကစားပြီး ၁၈ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာစီးတီးအသင်းက ခေါ်ယူရန်စီစဉ်လာခြင်း ဖြစ်သည်။

ဝက်စ်ဟမ်းအသင်းကလည်း ပါကွီတာအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၅သန်းရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် မန်ချက်စတာစီးတီးအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဝက်စ်ဟမ်းအသင်းထံမှ ပါကွီတာကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

**(အောက်ပုံ)(NGB)**





## ဘောလုံးသတင်း အတိုအထွာများ

* ပရီးမီးယားလိဂ်ဘောလုံးအဖွဲ့ချုပ်၏ အမှုဆောင်ချုပ်ဖြစ်သူ ရစ်ချတ်မာစတာစ်က မိမိတို့အနေဖြင့် ပြိုင်ပွဲဝင်အသင်းအရေအတွက်ကို ၂၀ သင်းကနေ ၁၈ သင်းအထိ လျှော့ချမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း ပြောကြားခဲ့သည်။
* နယူးကာဆယ်အသင်းသည် လိုက်ပဇစ်တိုက်စစ်မှူး ဆက်စ်ကိုအားခေါ်ယူရန် ယူရို သန်း ၈၀ ဖြင့် စတင်ကမ်းလှမ်းလိုက်ပြီ ဖြစ်သည်။
* ချဲလ်ဆီးအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း ကစားသမား ဂါနာချိုအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။ **(NGB)**

### ပရီးမီးယားလိဂ် နွေရာသီ စီးရီးဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
| --- | --- | --- |
| ၅-၈-၂၀၂၅ အင်္ဂါနေ့ | နံနက် ၀၀:၃၀ နာရီ | ဘုန်းမောက် - ဝက်စ်ဟမ်း |
| ။ | နံနက် ၀၃:၃၀ နာရီ | မန်ယူ - အဲဗာတန် |

### နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
| --- | --- | --- |
| ၄-၈-၂၀၂၅ တနင်္လာနေ့ | ညနေ ၅:၃၀ နာရီ | ဒေဂူး(တောင်ကိုရီးယား) - ဘာစီလိုနာ(စပိန်) |
| ။ | ည ၁၀:၃၀ နာရီ | လီဗာပူး(အင်္ဂလန်) - အက်သလက်တစ်ဘီလ်ဘာအို(စပိန်) |

# ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ် ဒုတိယအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ




**မန္တလေး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေရှိ ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ်တွင် ဒုတိယအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပခြင်းကို ဩဂုတ် ၂ ရက် နံနက် ၈ နာရီက အဆိုပါတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်၍ ပါမောက္ခချုပ် ဆရာတော်၊ ပါမောက္ခများ၊ ကထိကများအား ခန်းမအတွင်းပင့်ဆောင်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဇောတိက ဩဝါဒကထာ မိန့်ကြားပြီး ပါမောက္ခ ဒေါက်တာဆန်းမြင့်က Keynote ပြောကြားခဲ့သည်။ ထို့နောက် မော်ကွန်းထိန်းဆရာတော်က ဘွဲ့ခံပုဂ္ဂိုလ်များကို တစ်ဦးချင်းခေါ်ယူ၍ ပါမောက္ခချုပ်ဆရာတော်က သံဃာ၊ သီလရှင်၊ လူပုဂ္ဂိုလ် စုစုပေါင်း ၈၀ ဦးကို ဘွဲ့များ အသီးသီး အပ်နှင်းချီးမြှင့်ခဲ့သည်။ (ဝဲပုံ)

အဆိုပါတက္ကသိုလ်တွင် M.A (Buddhism)၊ Diploma in Communication and Research Skills၊ Diploma in English Language Proficiency (1/2023)၊ (2/2023)၊ ဘွဲ့များ ချီးမြှင့်ပေးခဲ့ပြီး၊ Ph.D၊ Ph.D (Prelim)၊ M.A/ MPhil (first year)၊ M.A/ MPhil (second year)၊ M.A (Prelim) ဘွဲ့များလည်း ချီးမြှင့်ပေးလျက်ရှိသည်။

ဆက်လက်၍ ဗီယက်နမ်နိုင်ငံမှ Dr Nguyen Hong Thai အား အဆိုပါ တက္ကသိုလ်၏ ဂုဏ်ထူးဆောင်ပါမောက္ခအဖြစ် ခန့်အပ်ခဲ့ကြောင်း သိရသည်။ (၀၉၅)

# မိုး/ဇလမှ ဩဂုတ် ပထမ ၁၀ ရက်ပတ် ခန့်မှန်းချက်များအရ မန္တလေးတိုင်းဒေသကြီးတွင် မိုးထစ်ချုန်းရွာနိုင်

**မန္တလေး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီးနှင့် ဒေသအချို့တွင် ဩဂုတ် ၁ ရက်မှ ၁၀ ရက်အတွင်း ရွာသွန်းမြဲမိုးရေချိန်ခန့် မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း မိုး/ဇလ၏ ဩဂုတ် ပထမ ၁၀ ရက်ပတ် ခန့်မှန်းချက်တွင် ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့်ရက်ပိုင်းက ဝီဖာမုန်တိုင်းအရှိန်ကြောင့် ဒေသအချို့တွင် မိုးထစ်ချုန်းရွာသွန်းမှုများ ရှိခဲ့သည်။

"ကပ္ပလီပင်လယ်ပြင်နဲ့ ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး အနောက်တောင်မုတ်သုံလေက အင်အားအသင့်အတင့်မှာ ရှိနိုင်တယ်။ ဩဂုတ်လအတွင်းမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အချို့မှာ မိုးရွာသွန်းနိုင်ပြီး မန္တလေးတိုင်းဒေသကြီးမှာ ၅ ရက်နဲ့ ၇ ရက်အတွင်း မိုးထစ်ချုန်းရွာနိုင်ပါတယ်"ဟု မိုး/ဇလမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲထက် မိုးပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားနှင့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်သည်။

"မိုးရွာသွန်းမှုနှင့်အတူ ဧရာဝတီမြစ်ရေကလည်း မြစ်ကြီးနား၊ ဗန်းမော်၊ ရွှေကူမြို့တွေမှာ ငါးပေမှ ရှစ်ပေခန့်နဲ့ ကသာ၊ သပိတ်ကျင်း၊ မန္တလေး၊ စစ်ကိုင်း၊ မြင်းမူ၊ ပခုက္ကူ၊ ညောင်ဦး၊ အောင်လံ၊ ပြည်၊ ဆိပ်သာ၊ ဟင်္သာတတို့မှာ နှစ်ပေကနေ လေးပေခန့် လက်ရှိ ရေအမှတ်တွေအထက် မြင့်တက်လာနိုင်တယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မုတ်သုံလေ ဆုတ်ခွာချိန်ဖြစ်ပြီး ဩဂုတ်လ ပထမပတ်အထိ အာရေဗျပင်လယ်၊ ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်၊ ထိုင်းပင်လယ်ကွေ့နှင့် တောင်တရုတ်ပင်လယ်တို့တွင် လေပွေလှိုင်း၊ လေဖိအားနည်းရပ်ဝန်း၊ မုန်တိုင်းစသည့် ထူးခြားဖြစ်စဉ်များ မရှိနိုင်ကြောင်း မိုး/ ဇလ ပညာရှင်တစ်ဦးက ခန့်မှန်းထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်-၉)**



# နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား UID Smart Card များ ကွင်းဆင်းဆောင်ရွက်ပေး

**မန္တလေး ဩဂုတ် ၃**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ ၁၁၃ လမ်းနှင့် ၆၅လမ်းရှိ အောင်တံခွန်ဓမ္မာရုံတွင် ယမန်နေ့ နံနက် ၁၀ နာရီက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ကြီးတံခွန်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးအောင်သွင်နှင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား UID Smart Card များ ကွင်းဆင်း၍ အခမဲ့ဆောင်ရွက်ပေးခဲ့သည်။

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မဟာအောင်မြေခရိုင်ဦးစီးမှူး ဦးဟိန်းကျော်အောင်၊ ပြည်ကြီးတံခွန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမင်းထွန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး ဝင်းအောင်မျိုး၊ အတွင်းရေးမှူး ရဲမှူး ဇေယျာသန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းဗိုလ်နှင့် ရာအိမ်မှူးများ၊ Smart Card ဆောင်ရွက်ကြမည့် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်ဦးစီးမှူးက Smart Card ပြုလုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးရုံးမှ လဝကဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား Smart Card ဆောင်ရွက်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် တာဝန်ရှိသူများက နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား Smart Card များ ပေးအပ်ခဲ့ပြီး နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ (၀၅၃)



# ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်လပြည့်မှ တစ်နှစ်ခွဲအောက်ကလေးငယ်များအား လစဉ်ပုံမှန်ကာကွယ်ဆေးများ ထိုးနှံ

**စဥ့်ကိုင် ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကိုင်မြို့နယ်၌ မြို့ပေါ်(၅)ရပ်ကွက်မှ အသက်နှစ်လပြည့်မှ တစ်နှစ်ခွဲအောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးခြင်းကို ဩဂုတ် ၁ ရက် နံနက်ပိုင်းက မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာနတွင် ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်။

ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးရာတွင် မြို့နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများက အသက်နှစ်လပြည့်မှ တစ်နှစ်ခွဲအောက် ကလေးငယ်များကို (ဘီစီဂျီ)ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ (ရိုတာ)ပိုလီယိုပြင်းထန်အဆုတ်ရောင်၊ (ပီစီဗွီ) ဝက်သက်ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါကာကွယ်ဆေးများကို အသက်အရွယ် အပိုင်းအခြားအလိုက် ထိုးနှံပေးရာတွင် အသက်နှစ်လပြည့်မှ တစ်နှစ်ခွဲအထိ ကလေးငယ် ၅၀ ဦးနှင့် မေးခိုင်ကာကွယ်ဆေးကို ကိုယ်ဝန်ဆောင်မိခင် ၂၀ ဦးတို့အား ထိုးနှံပေးခဲ့ကြောင်းနှင့် မြို့နယ်အနေဖြင့် ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို လစဉ် လဆန်း ၁ ရက်မှ ၅ ရက်အထိ ပုံမှန်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(အောက်ပုံ)**

(၃၉၉)



# သမဝါယမအသင်းသားများအား မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်

**အမရပူရ ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စု၊ သာလှအေးကျေးရွာ၊ သာလှအေး(စိုက်/ထွေ) သမဝါယမအသင်းနှင့် အောင်မြင့်မြတ်(စိုက်/ထွေ) သမဝါယမအသင်း နှစ်သင်း၏ အသင်းသား တောင်သူ ၂၆ ဦးတို့အား စိုက်ဧက ၁၁၀ အတွက် တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေဖြင့် ငွေကျပ်သိန်း ၂၂၀ နှင့်ညီမျှသော သွင်းအားစုများကို အမရပူရမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်လေးက သာလှအေး သမဝါယမအသင်းစုဥက္ကဋ္ဌနေအိမ်၌ ဩဂုတ် ၁ရက်က ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် သာလှအေးကျေးရွာ၊ ကွင်းအမှတ်(၅၇၀)၊ ပေါက်အင်းကွင်းရှိ သာလှအေး(စိုက်/ထွေ)အသင်းသားတောင်သူ ဒေါ်စန်းစန်းနွယ်ပိုင် လယ်လေးဧကပေါ်တွင် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုကို မြို့နယ်သမဝါယမဦးစီးမှူး၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းမြင့်၊ မြို့နယ်သမဝါယမအသင်း ကွင်းဆင်းအဖွဲ့ခေါင်းဆောင် ဒေါ်သင်းသင်းခိုင်နှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ကူညီပေးခဲ့ကြောင်း မြို့နယ်သမဝါယမဦးစီးမှူးထံမှ သိရသည်။

**စိုးသီဟ(အမရ)**

၀-၀-၀-၀-၀-၀

## အစိုးရနည်းပညာ အထက်တန်းကျောင်း(မကွေး)တွင် မိုးရာသီမေဂျာပေါင်းစုံ ကျောင်းအုပ်ကြီးဖလား အားကစားပြိုင်ပွဲများကျင်းပ



**မကွေး ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ အစိုးရနည်းပညာအထက်တန်းကျောင်းတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မိုးရာသီမေဂျာပေါင်းစုံ ကျောင်းအုပ်ကြီးဖလားအားကစားပြိုင်ပွဲများဖြစ်သည့် ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ Table Tennis ပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့ ညနေ ၃နာရီက အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ သက်မွေးပညာနှင့်လေ့ကျင့်ရေး ဦးစီးဌာန၊ အစိုးရနည်းပညာ အထက်တန်းကျောင်း(မကွေး) မှ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ညွန့်က အမှာစကား ပြောကြားခဲ့သည်။ ယင်းနောက် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ကိုကိုက အားကစားပစ္စည်းများ ပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။ (ဓာတ်ပုံ)

ယင်းနောက် ပြိုင်ပွဲဝင် အားကစားသမားများက သစ္စာအဓိဋ္ဌာန် လေးချက်ရွတ်ဆို၍ ပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ရာ ၎င်းအားကစားပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။ အဆိုပါ မိုးရာသီမေဂျာပေါင်းစုံ ကျောင်းအုပ်ကြီးဖလား အားကစားပြိုင်ပွဲတွင် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသားဘော်လီဘောပြိုင်ပွဲ၊ အမျိုးသား Table Tennis ပြိုင်ပွဲနှင့် အမျိုးသမီး ထုပ်ဆီးတိုးပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ရာ ၎င်းပြိုင်ပွဲများကို ဩဂုတ် ၁ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ကျောင်းအုပ်ကြီးထံမှ သိရသည်။

**မောင်နိုင်မင်း(ပြန်/ဆက်)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၁၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၁၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းကို ထုတ်ဝေသွားမည်ဖြစ်ပါ၍ မဂ္ဂဇင်းတွင် မြို့တော်စည်ပင်၏ အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် အခြားသုတ၊ ရသရရှိစေမည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဟာသပြဇာတ်၊ အားကစားကဏ္ဍ၊ ဘာသာရေး၊ ကျန်းမာရေး၊ ခံစားမှုစာစု၊ လူငယ်ကဏ္ဍ စသည်ဖြင့် ကဏ္ဍစုံ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသောကြောင့် စာမူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ ၂၇လမ်း၊ ၇၁လမ်းနှင့်၇၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်နှင့် မန္တလေးနေ့စဉ်သတင်းစာတိုက်(ကြော်ငြာဌာနစိတ်)၊ ၇၁လမ်းနှင့် ၃၅လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ mdydailynewspaper@gmail.com သို့ (၁၅-၉-၂၀၂၅)ရက်နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများကို ပေးပို့ရာတွင် ကလောင်အမည်၊ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ နေရပ်လိပ်စာ အပြည့်အစုံတို့ကို ထည့်သွင်းဖော်ပြပေးသွားပါရန်နှင့် ကလောင်ခွဲများဖြင့် ရေးသားပေးပို့ခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**အသက်သည်**
**သွေး**
**သွေးသည်**
**အသက်။**

## MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ပြီး ထုတ်ကုန်များလုံခြုံစိတ်ချမှုရှိရေး ဥပဒေနှင့်အညီထုတ်လုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်များမှ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ထုတ်ကုန်များလုံခြုံစိတ်ချမှုရှိရေး၊ ဥပဒေနှင့်အညီထုတ်လုပ်ရေးကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ကျောက်ဆည်မြို့နယ်အတွင်းရှိ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများသို့ ကွင်းဆင်း၍ ဈေးကွက် စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာ၌ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မင်းလတ်နှင့် ဝန်ထမ်းများသည် 'ရွှေလရောင်' ကြက်သွန်ပေါင်းကြော်လုပ်ငန်း၊ 'ကျော်'ကိတ်ခြောက်လုပ်ငန်း၊ 'မင်းသူဇော်'ကိတ်အမျိုးမျိုးလုပ်ငန်း၊'ကံမြင့်သူ' ကြက်သွန်ပေါင်းကြော်လုပ်ငန်းများသို့ ကွင်းဆင်း၍ ထုတ်ကုန်များတွင် ပါဝင်ပစ္စည်းများ၊ ထားသိုနည်းများ၊ စားသုံးရန်အညွှန်းများ၊ သတိပြုရန်အချက်အလက်များအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(အောက်ပုံ)**

စားသုံးသူရေးရာဦးစီးဌာနသည် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးလျက်ရှိပြီး လုပ်ငန်းသုံး စားအုန်းဆီများ သတ်မှတ်အရည်အသွေးနှင့် ပြည့်မီရေးနှင့် လုပ်ငန်းခွင်၌ မှန်ကန်စွာသုံးစွဲရေး၊ ကုန်ချောထုတ်လုပ်ရာ၌ အရည်အသွေးပြည့်ဝသည့် ကုန်ကြမ်းပစ္စည်းများသုံးစွဲရေး၊ ထုတ်ကုန်များ ကျန်းမာရေးနှင့်အညီ သန့်ရှင်းသပ်ရပ်စွာထုပ်ပိုးရေး၊ ကုန်အညွှန်းအမှတ်သားများ ပြည့်စုံမှန်ကန်စွာ ထည့်သွင်းဖော်ပြရေး၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းနိုင်ရေးနှင့် သက်ဆိုင်ရာဌာနများ၏ ပြဋ္ဌာန်းချက်များအား လိုက်နာစေရေးများကို စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၄၈၅)**



## စမတ်ကတ်လာရောက်ဆောင်ရွက်နိုင်ခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

**မိတ္ထီလာ ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား ပင်စင်ထုတ်ယူရာတွင် အလွယ်တကူဖြစ်စေရေးအတွက် စမတ်ကတ်များကို ဆောင်ရွက်လျက်ရှိပေးလျက်ရှိရာ လာရောက်ဆောင်ရွက်နိုင်ခြင်းမရှိသည့် အဘိုး၊အဘွားများအား ယမန်နေ့က အိမ်တိုင်ရာရောက်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ယာပုံ)**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိတ္ထီလာမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဌေးဝင်းနှင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား ပင်စင်ထုတ်ယူရာတွင် အလွယ်တကူဖြစ်စေရေးအတွက် စမတ်ကတ်များကို မိတ္ထီလာမြို့နယ်ဦးစီးမှူးရုံးတွင် ရုံးဖွင့်ရက်နေ့များ၌ နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည့် အပြင် မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာခရိုင်ဘဏ်ခွဲတွင်လည်း လစဉ် ၂၁ ရက်မှ လကုန်ရက်အထိ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူးရုံးနှင့် မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာခရိုင်ဘဏ်ခွဲသို့ ကျန်းမာရေးမကောင်း၍ စမတ်ကတ်များ လာရောက်ဆောင်ရွက်နိုင်ခြင်းမရှိသည့် အဘိုး၊ အဘွားများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မိတ္ထီလာမြို့နယ် ဦးစီးမှူးရုံးမှ ပထမအဆင့်အနေဖြင့် မြို့ပေါ်ရပ်ကွက် (၁၄)ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၈)စုတို့ကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ အောင်ဆန်းရပ်ကွက်နှင့် ပေါက်ချောင်းရပ်ကွက်များရှိ အဘိုး၊ အဘွား ၁၂ ဦးအား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**(၄၆၉)**

## ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း တောင်သူပညာပေးသရုပ်ပြပွဲပြုလုပ်



**အမရပူရ ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စုရှိ ကွင်းအမှတ် ၅၇၀(ခ)ရှိ တောင်သူ ဦးမြင့်မောင်နှင့် ဦးသိန်းဝင်းတို့၏ လယ်မြေများပေါ်တွင် ဩဂုတ် ၂ ရက်က အမရပူရမြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ဦးဆောင်၍ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း တောင်သူနည်းပညာပေးသရုပ်ပြပွဲကို ပြုလုပ်ခဲ့သည်။ **(ဓာတ်ပုံ)**

အခမ်းအနားသို့ အမရပူရမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့် လယ်ယာစီမံခန့်ခွဲရေးအဖွဲ့များ၊ ဖိတ်ကြားထားသောတောင်သူများနှင့် စက်မှုလယ်ယာဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တက်ရောက်လာသော တောင်သူများ၏ တင်ပြမှုများကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **စိုးသီဟ(အမရ)**

# ဝတ္ထုတိုကဏ္ဍ

# ကျောင်းသားဘဝအခါ ကိုကြီးတင်နှင့် မတီးဖြစ်ခဲ့သော မယ်ဒလင်ကလေး

နိုင်မြ



(၂၀-၇-၂၀၂၅) စာမျက်နှာ-၁၄ မှ အဆက်

ကြာကြာမထိုင်ဘဲ ထသွားကြသည်။ မတတ်နိုင်…တစ်ဖွဲ့လုံး သီချင်းနားထောင်လိုက်၊ လိုက်ဆိုလိုက်၊ စည်းဝါးလိုက်လိုက်ဖြင့် ညနေ ၆ နာရီခွဲသွားသည်။ တစ်ဖွဲ့လုံး ဇောမိပင်ဘုရားပေါက်သို့ သုတ်ခြေတင်ခဲ့ကြသည်။ အားလုံး သီချင်းတညည်းညည်းဖြင့် တက်တက်ကြွကြွ ဘုရားပေါက်သို့ ရောက်ခဲ့ကြသည်။ ထိုင်လိုက်၊ ရပ်လိုက်ဖြင့် စောင့်ရာ ည ၈နာရီပင် ထိုးပြီ၊ လူစုစု စုစုနှင့်မို့ ရပ်ကွက်ကလည်း ကွက်ကြည့် ကွက်ကြည့် ဖြစ်နေပြီ။ မောင်စိုးနှင့် ကိုကြီးတင်က ကိုမျိုး၏ အဆောင်သို့ သွားကြည့်ရာ ကိုမျိုးက ပြန်မရောက်သေးသဖြင့် ဘုရားပေါက်သို့ ပြန်ရောက်လာသည်။ ခြင်တွေကလည်း ကိုက်လှသည်။ တဖတ်ဖတ်ဖြင့် ခြင်ရိုက်ရင်း မကြေမလည်ဖြင့် ပွစိပွစိ ဖြစ်နေကြပြီ။ ငစိုးကစ၍ အဖော်ညှိသည်။ လမ်းမတန်းမှဆိုင်တွင် နှစ်ပက်စီခန့်သွား၍ သောက်ကြရအောင် ညှိသည်။ ကိုစောက "ကောင်းတယ်ကွာ သီချင်းလည်းပိုပြီးဆိုလို့ ကောင်းတာပေါ့။ ဒါပေမဲ့ ကိုမျိုးနဲ့ လွဲနေမယ်ကွ။ ပုလင်းဝယ်ပြီး ဒီမှာပဲထိုင်သောက်ကြမယ်" ဟုဆိုပြီး ဝယ်ရန် ငါန်းဖွန်သား ကိုစန်းကိုခေါ်ပြီး ထွက်သွားသည်။ မကြာခင် BE နှစ်လုံးနှင့် ခွက်တစ်လုံး၊ ပလတ်စတစ်အိတ်တွင် ရေထည့်လာပြီး မြည်းစရာအနည်းငယ်နှင့် အုတ်တံတိုင်းဘေးတွင် မြေဝိုင်းဖာတ်ခင်းကြလေတော့သည်။ အတော်လေးလည်း အာသွက်သည်ထက် ပိုခဲ့ကြသည်။ တစ်ခါတစ်ရံမှ သောက်ဖူးကြသူများ ဖြစ်၏။ ကိုကြီးတင်ကမူ မသောက် "သီချင်းဆိုရတဲ့အရသာကို သဘာဝအတိုင်းပဲ ခံစားချင်တယ်" ဟုဆိုကာ တစ်ယောက်တည်း သီချင်းညည်းလိုက်၊ စည်းဝါးလိုက်လိုက်၊ အမြည်းဝါးလိုက်ဖြင့် အာရုံယူနေသည်။

ည ၉နာရီကျော်မှ ကိုမျိုးက သုတ်သုတ် သုတ်သုတ်ဖြင့် မယ်ဒလင်ထမ်းပြီး ရောက်လာသည်။ "သူငယ်ချင်းတို့ရေ နောက်ကျသွားလို့ တောင်းပန်တယ်ကွာ" ဟုဆိုကာ လက်ကျန်ခွက်ကို ကောက်မော့သည်။ ပြီးလျှင် သီချင်းဆိုရန်အတွက် အနီးဆုံးအဆောင်သို့ မြူးကြွစွာချီတက်ခဲ့ကြသည်။ အဆောင်ရှေ့တွင် သီချင်းဆိုမည့်အဖွဲ့ နှစ်ဖွဲ့က ရောက်နေပြီဖြစ်သည်။ အခြားတစ်ဖွဲ့က ဆိုနေကြပြီ။ အားကျစွာဖြင့်ကြည့်ပြီး ထိုင်စောင့်သည်။ စိတ်မရှည်သော ကိုမျိုးက "စောင့်ရတာကြာမယ်ကွ၊ တခြားအဆောင်သွားရအောင်" ဟုခေါ်ပြီး အခြားအဆောင်ဘက်သို့ ရောက်ခဲ့ရပြန်သည်။ ထိုအဆောင်ရှေ့တွင်လည်း သီချင်းဆိုနေသော တစ်ဖွဲ့နှင့် ဆုံပြန်သည်။ သစ်ပင်အောက်တွင်ထိုင်ရင်း စိတ်ရှည်စွာစောင့်ကြတော့သည်။ ဂစ်တာဖြင့် ခေတ်ပေါ်သီချင်းဆိုကြခြင်း ဖြစ်သည်။ နားထောင်၍ ကောင်းလှသည်။ အဆောင်ပေါ်မှ အဆောင်သူလေးများကလည်း ပြုံုတစ်ပြုံုတစ် လှူလှုံးပြကြသည်။ သူ့အသံကို သူ စိတ်ချယုံကြည်၍ ထင်သည်။အမည်၊ မေဂျာနှင့်တကွ မိတ်ဆက်၍ ဆုံသွားသည်။ အဆောင်သူများက သဘောကျနေကြသည်။ ထိုအဖွဲ့၏သီချင်းဆို၊ ဂစ်တာတီးသည့်အသံတွင် စီးဝင်နစ်မျောသွားရင်း အချိန်ပင် ည ၁၁နာရီထိုးတော့မည်။ ထိုအဖွဲ့က အဆိုရပ်မှ ပြိုင်ဘက်ကင်းစွာ ကျွန်တော်တို့အဖွဲ့၏ အလှည့်သို့ ရောက်လာပြီ။ ထိုအချိန်တွင် ရင်ခုန်စိတ်လှုပ်ရှားစွာဖြင့် အဆောင်ဘေး မီးတိုင်အောက်သို့ ထွက်ခဲ့သည်။ အဆောင်ပေါ်မှ မိန်းကလေးများ မယ်ဒလင်တစ်လက်ထမ်း၍လာသော ကျွန်တော်တို့အဖွဲ့ကို ကြည့်နေကြပြီ။ ကိုကြီးတင်က ရင်ကော့ပီတိဖြစ်လျက် ၃၂ ချောင်းသော သွားများ အကုန်မြင်ရလောက်အောင် ပြုံးနေလေ၏။ ထွေနေပြီဖြစ်သော မောင်လွင်က မီးရောင်အောက်တွင်ရပ်ပြီး စတင်မိတ်ဆက်သည်။ ပထမနှစ် မြန်မာစာအထူးပြု မောင်လွင်။ ညီချောနှင့် ကိုကြီးတင်၊ အရပ်ရှည်ရှည်ဖြင့် ကိုမျိုး၊ အငယ်ဆုံးက ကိုစော၊ ကဗျာဆရာ ကိုစန်း၊ ဆံပင်ရှည်ရှည် စစ်အင်္ကျီဖြင့် မင်းနိုင် စသည်ဖြင့် မိတ်ဆက်ပေးသည်။ ခပ်ထွေထွေနှင့်မို့ ရှက်ကြောကပြတ်နေပြီ။ အဆောင်သူတို့ကလည်း သူ့လူ ကိုယ့်လူ ရွေးနေကြပြီ….။

အနောက်တိုင်းဝတ်စုံနှင့် ကိုလွင်က "ယခု ဂုဏ်ကြီးရှင် သီချင်းလေးနဲ့ စဖွင့်ပေးပါ့မယ် ခင်ဗျား" ဟုဆိုရာ အဆောင်သူလေးများက လက်ခုပ်တီး၍ အားပေးကြသည်။ အားလုံးတက်ကြွကာ မရိုးမရွ ဖြစ်လာကြသည်။

"ကဲ…ကိုကြီးတင်ရေ စလိုက်ကြရအောင် တီးတော့ဗျာ" ဟုဆိုရာ ကိုကြီးတင်က ပြုံးကြောင်ကြောင် ကြည့်ပြီး မယ်ဒလင်ကို ရင်ဝယ်ပွေ့ထားသည်။ "ဟိတ်လူ လုပ်လေဗျာ အတောလေးတီးတော့" ဟု ဆက်ပြောရာ ကိုကြီးတင်က "ရော့ ကိုစန်း…တီး" ဟု ကိုစန်းထံသို့ မယ်ဒလင်အတင်းထိုးထည့်သည်။ကိုစန်းကလည်း "ခင်ဗျား တီးလေဗျာ" ဟု မယ်ဒလင်ကို ပြန်တွန်းသည်။ စိတ်မရှည်သော ကိုစောက "ကိုစန်းက မယ်ဒလင် မတီးတတ်ဘူး။ ကိုကြီးတင်ပဲ တီးလေဗျာ" ဟုပြောရာ ကိုကြီးတင် မျက်နှာကွက်ခနဲပျက်သွားပြီး "ငါ…ငါလည်း မတီးတတ်ဘူးလေကွာ…" ဟု အသံတုန်ကြီးဖြင့် မျက်လုံးပြူးကြီးဖြင့် ကြည့်ကာ ပြောသည်။ တစ်ဖွဲ့လုံး တွေခနဲဖြစ်ပြီး တစ်ယောက်နှင့် တစ်ယောက် ကြည့်မိကြသည်။ "ဘယ်သူရလဲဟေ့" ကိုစန်းက လှည့်မေးသည်။ အားလုံးခေါင်းခါကြသည်။ အခြေအနေကို သဘောပေါက်လိုက်ပြီဖြစ်သော ကျွန်တော်က အငယ်ဆုံးကိုစောကို လက်တို့၍ သစ်ပင်အောက်မှောင်ရိပ်သို့ ဆွဲခေါ်သွားခဲ့သည်။ "ဟာ… ခင်ဗျားတို့ ဘာလဲဗျာ" "မနောက်နဲ့လေ…" ဖြင့် အချင်းချင်းပြောနေစဉ် အဆောင်သူများက "ဆိုပါဗျို့" ဟု အော်လေတော့သည်။ ကျွန်တော်က ကိုစောပခုံးကိုဖက်ပြီး နောက်ကြောင်းပြန်လစ်ခဲ့သည်။ ကျန်တဲ့အဖွဲ့ကလည်း ခပ်သုတ်သုတ် လိုက်လာသည်။ ကိုကြီးတင် တစ်ယောက်ပဲ မယ်ဒလင်ထမ်းပြီး ငိုင်ငိုင်ကြီး ကျန်ရစ်ခဲ့သည်။ ကိုလွင်က နောက်ပြန်လှည့်ပြီး ကိုကြီးတင်ကို ဆွဲခေါ်ရင်း အဆောင်သူများအား "ဒီနေ့က လာမိတ်ဆက်တာ…နောက်နေ့မှ လာဆိုမယ်" ဟု အော်ခဲ့သေးသည်။ ကျွန်တော်နှင့် ကိုစော ခပ်သုတ်သုတ်ဖြင့် ရှေ့မှသွားသည်။ ကျန်သူများလည်း နောက်က ဝရုန်းသုန်းကားဖြင့် လိုက်လာကြသည်။ ကိုကြီးတင်၏ မျက်နှာမှာ ပြိုတော့မည့် မိုးကဲ့သို့….။

ရှက်ရှက်ဖြင့် အဆောင်ရှေ့မှ ခြေဦးတည့်ရာထွက်ခဲ့ရာ လမ်းမကြီးပေါ်ရှိ ဘုံဆိုင်အနီးသို့ မတိုင်ပင်ဘဲ ရောက်ခဲ့ပြန်သည်။ မထူးပါဘူးကွာဟုဆိုကာ ရှက်ရှက်ဖြင့် အမူးသောက်ကြသည်။ "ကိုကြီးတင် ခင်ဗျားက သူများသီချင်းဆိုတိုင်း ပါးစပ်ဆိုင်း တီးလုံးအပီအပြင်လိုက်ပြီး အဝင်၊ အထွက်တွေ ညွှန်ပြတော့ ခင်ဗျားမယ်ဒလင်တီးတတ်တယ်ထင်ပြီး စီစဉ်ကြတာလေဗျာ" ဟု ဝိုင်းပြောရာ ကိုကြီးတင်က မျက်နှာငယ်လေးဖြင့် "မသိဘူးလေ…မင်းတို့ တီးတတ်တယ်ထင်လို့" ဟု ပြောရှာသည်။ "ကဲဟေ့ အပြစ်တင်မနေနဲ့ သောက်ပြီးရင် ကျောင်းထဲသွားစို့" ဟု အော်သည်။ ကျောင်းထဲသို့ တိတ်ဆိတ်စွာဖြင့် ဝင်ခဲ့သည်။ အဓိပတိလမ်းမှ လျှောက်လာကြသည်။ ဖြစ်ချင်သောဆန္ဒများ၊ အိပ်မက်များ ပြိုကွဲခဲ့ပြီ။ ဝမ်းလည်းနည်း ရှက်လည်းရှက်ဖြင့် စာသင်ခန်းအလွတ်ထဲဝင်၍ အိပ်စက်ခဲ့ကြသည်။ နံနက်လင်းသည်နှင့်ထ၍ ဒူးဝါးလက်ဖက်ရည်ဆိုင်သို့ သွားကြသည်။ မယ်ဒလင်ကို ဖက်၍ အိပ်မောကျနေသော ကိုကြီးတင်ကို မနှိုးဘဲထားခဲ့ကြသည်။

ဒူးဝါးလက်ဖက်ရည်ဆိုင်တွင်ထိုင်ရင်းဖြင့် မိုးလင်းကာ ကျောင်းတက်ချိန်ရောက်သဖြင့် ကျောင်းသား၊ ကျောင်းသူများက ကျောင်းအတွင်းသို့ ဝင်ကြသည်ကို ငေးကြည့်နေမိကြသည်။ မယ်ဒလင်ကိုထမ်းပြီး အိပ်မှုန်စုံဝါးဖြင့် ဆံပင်များပွနေကာ အင်္ကျီလုံချည်တို့တွင် ဖုန်မှုန့်များပေးကျံလျက်ဖြင့် ခေါင်းငိုက်စိုက်ချပြီး လေးကွေးစွာလျှောက်လာသော ကိုကြီးတင်ကို ကျောင်းသူလေးများက ထူးဆန်းစွာဖြင့် ပြုံးစိစိ ကြည့်ကြသည်။ တော်တော်နောက်သော ကိုကြီးတင်…..။

ထိုနံနက်ခင်းတွင်ပင် မနေ့ကစုပေါင်း ဝယ်ယူခဲ့သော မယ်ဒလင်ကို ဆိုင်တွင် လျှော့ဈေးဖြင့် ပြန်သွင်းခဲ့ပြီးသကာလ မယ်ဒလင်မတီးတတ်ဘဲ မယ်ဒလင်ထမ်း၍ သီချင်းလာဆိုကြသော မြန်မာစာအထူးပြု ကျောင်းသားများအကြောင်း အဆောင်သူများ ဟာသဖြင့် ပြောစမှတ်ပြုခဲ့ကြသည်။ ကိုကြီးတင်နှင့် မတီးဖြစ်ခဲ့သော မယ်ဒလင်ကလေးအကြောင်း အမြဲပြန်ပြောင်း၍ သတိရနေမိတော့သည်။

## ရုရှားနိုင်ငံက မြန်မာနိုင်ငံမှ နှစ်စဉ် သရက်သီးအနှစ် တန်ချိန်တစ်သောင်း ဝယ်လိုကြောင်းဆို

ရုရှားနိုင်ငံက မြန်မာနိုင်ငံမှ နှစ်စဉ် သရက်သီးအနှစ်တန်ချိန်တစ်သောင်း ဝယ်လိုကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရသည်။ ဇူလိုင် ၂၈ရက်က ရုရှားနိုင်ငံကို သရက်သီးအနှစ်များတင်ပို့နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ရာ ပြည်တွင်းသရက်လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။



စီးပွားရေးလုပ်ငန်းရှင်များက ရုရှားနိုင်ငံကို သရက်သီးအနှစ်နှင့် သရက်သီးအခြောက်တင်ပို့နေမှုနှင့် လိုအပ်ချက်များကို ရုရှားဝယ်လက်များနှင့် ပူးပေါင်းဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးခဲ့ကြသည်။ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံမှ သရက်သီးအနှစ်နှင့် သရက်သီးအခြောက်များ တင်ပို့လိုသည့် လုပ်ငန်းရှင်များကို ရုရှားဝယ်လက်များနှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။ လက်ရှိတွင် ရုရှားနိုင်ငံက သရက်သီးအနှစ်ကို အိန္ဒိယနိုင်ငံမှ အဓိကတင်သွင်းလျက်ရှိသည်။

"သရက်သီးအနှစ်တွေ ဝယ်လိုအားရှိလာတာ ကောင်းပါတယ်။ ရုရှားနိုင်ငံက ဝယ်လိုအားကို တင်ပို့နိုင်ဖို့ဆိုရင် တစ်နှစ်ကြိုပြင်မှ ရပါမယ်။ ကျွန်မတို့ဆီက စိန်တလုံးသရက်သီးအနှစ်က ဈေးမြင့်နေတော့ တင်ပို့ရန်အတွက် ဈေးမကိုက်ဘူး။ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူးတိုင်းဒေသကြီးတွေက ရင်ကွဲသရက်သီးတွေကို အနှစ်လုပ်ပို့ရင်တော့ အဆင်ပြေနိုင်ပါတယ်" ဟု သရက်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ယခုနှစ်တွင် မြန်မာ့သရက်သီး အထွက်နှုန်း ရာခိုင်နှုန်း ၅၀ ခန့် ကျဆင်းခဲ့ပြီး ပြည်ပတင်ပို့နိုင်မှုလည်း ကျဆင်းခဲ့ကြောင်း သိရသည်။

(ဝဲပုံ) ရွှေမန်း

# ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စုပေါင်းစိုက်ပျိုးပွဲ ကျင်းပ

**ကသာ ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့တွင် မိုးရာသီသစ်ပင်များ စုပေါင်း စိုက်ပျိုးခြင်းကို ယမန်နေ့နံနက် ၇ နာရီခွဲက ကသာမြို့ ကျန်တော ကျေးရွာအုပ်စု၊ ကျန်တော-သိမ်အင်းကားလမ်းပေါ်ရှိ လမ်းဘေး ဝဲ၊ ယာတို့တွင် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက စုပေါင်းစိုက်ပျိုးခဲ့သည်။

ကသာမြို့နယ်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းကို ယခုနှစ်မိုးရာသီကာလအတွင်း တတိယအကြိမ်မြောက်စိုက်ပျိုးခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သစ်တောများ ပျက်စီးပြုန်းတီးမှုကို ကာကွယ်နိုင်ရေးအတွက် ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးပွဲတော်ကို ကျင်းပရခြင်းဖြစ်သည်။ ကသာမြို့သည် သစ်တော၊ သစ်ပင်များကို ချစ်မြတ်နိုးသောဒေသခံပြည်သူများ၏ ကြိုးစားမှု၊ ဒေသဆိုင်ရာအုပ်ချုပ်မှုအဖွဲ့အစည်းများ၏ ပူးပေါင်းမှုတို့ကြောင့် ကသာမြို့တွင်းနှင့် နယ်နိမိတ်ပတ်လည်တွင် သစ်ပင်များဖြင့် စိမ်းစိုသာယာလှပနေသည့် မြို့တစ်မြို့ဖြစ်သည်။

အဆိုပါ မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးနိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြပြီး သတ်မှတ်နေရာများ၌ စိန်ပန်းပင် စုစုပေါင်း ၂၀၀ ပင်အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)






# ဥယျာဉ်မှူး

\- - - - - - - - - - -

* ပန်းကိုမချိုး ၊ ပန်းကိုပျိုးသည်
ပန်းပိုးမှန်က ၊ မျိုးစဆိတ်သုန်း ။
ပန်းပိုးတုံးအောင်၊ သူ စွမ်းဆောင်၏ ။

* နေပူလောင်မြိုက် ၊ ပန်းမငိုက်ရန် ။
ပန်းကြိုက်စင်ထိုး ၊ အရိပ်မိုး၍
ပန်းမညှိုးအောင် ၊ သူ စွမ်းဆောင်၏ ။

* ဝတ်ရည်စုတ်မှူး ၊ ပန်းဘီလူးစုန်း
ပိတုန်းအင်းဆက် ၊ ပွင့်ခက်ဖူးများ
စုတ်မစားအောင်၊ သူ စွမ်းဆောင်၏ ။

* ပန်းတို့အကြိုက် ၊ ရေကြည်တိုက်ကာ
ပေါင်းမှိုက်ကိုရှင်း ၊ ပင်ရင်းတူးဆွ
မြေဆွေးချကာ ၊ ယုယပျိုးထောင်
သူ စွမ်းဆောင်၏ ။

* နေပူမလောင် ၊ ပိုးမြောင်မထိုး
ပန်းမညှိုးဘဲ၊ ပန်းမျိုးထောင်ရာ
ခက်ဖြာစီဆင့် ၊ ရောင်စုံပွင့်ချိန်
နှလုံးအိမ်၌ ၊ ချိုမြိန်ပြုံးပန်း
ပီတိလျှမ်းကြွယ်
ပန်းခင်းလယ်မှာ ပျော်နေသူ ။ ။

ကျော်ချိုမြင့်(ကန့်ဘလူ)

# အသိပညာပေးဟောပြောပွဲနှင့် စွမ်းအားမြှင့်အောဝမ်းမီးဖိုများ အခမဲ့ဖြန့်ဝေ



**ကျောက်ဆည် ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည် မြို့နယ် အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးဦးစီးဌာနမှ သစ်တော၊ သစ်ပင်များ၏ အကျိုးကျေးဇူးများ နှင့် အနှစ်သာရများကို ဒေသခံ ပြည်သူများ သိရှိနားလည်စေရန် နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှု များ ပိုမိုပြုလုပ်လာစေရန် ရည်ရွယ်၍ ကျေးရွာများသို့ ကွင်းဆင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုအသိပညာပေး ဟောပြောပွဲများ၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲ ၁ နာရီက အရှေ့ရွာနန်းကျေးရွာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာဟောပြောပွဲ ကျင်းပခဲ့ပြီး စွမ်းအားမြှင့် အောဝမ်းမီးဖိုများ အခမဲ့ဖြန့်ဝေခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဘိုက စွမ်းအားမြှင့် မီးဖိုသည် ဖိုခုံနောက်ဆိုင်မီးဖိုထက် ထင်းသုံးစွဲမှု ၄၀ ရာခိုင်နှုန်း သက်သာပြီး ကျေးလက်နေ အိမ်ထောင်စုတစ်စုမှ ထင်းအစား အခြားလောင်စာဖြစ်သည့် (စိုက်ပျိုးရေးထွက်ပစ္စည်းများ)သုံးစွဲပါက တစ်နှစ်ပတ်လုံးသုံးစွဲမည့် ထင်း တစ်တန်လျှော့နည်းသက်သာခြင်း၊ မြို့နေအိမ်ထောင်စုတစ်စုမှ ထင်းအစား လောင်စာတောင့် ၁၇၅၀ တုံးသုံးစွဲခြင်းဖြင့် တစ်နှစ်ပတ်လုံး သုံးစွဲမည့် ထင်းတစ်တန်လျှော့နည်းသက်သာစေပြီး သစ်တော သစ်ပင်ပြုန်းတီးမှုမှ ကာကွယ်သည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်းနှင့် သဘာဝသစ်တောများ၊ သစ်တောစိုက်ခင်းများ၊ သဘာဝတောကျန်ထိန်းသိမ်းရခြင်း အကြောင်းများ၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေတတ်သောအကြောင်းအရာများကို ပညာပေးဟောပြောခဲ့ပြီး စွမ်းအားမြှင့်မီးဖိုများ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

(ဝဲပုံ)

ကျောက်ဆည်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသနေပြည်သူများ ထင်းလောင်စာ၊ တိုင်၊ မျော၊ လယ်ယာသုံးကိရိယာများ ဖြည့်ဆည်းပေးနိုင်ရန်၊ ဆည်၊ ကန်နှင့် မြစ်ချောင်းများ၏ ရေဝေရေလွှဲဒေသများအား စိမ်းလန်းစိုပြည်ရေး၊ ဒေသတွင်း စိမ်းလန်းစိုပြည်ရေးနှင့် ရေမြေသဘာဝကောင်းမွန်ရေးအထောက်အကူဖြစ်စေရန် ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်တွင် ထင်းအစားအခြားလောင်စာသုံးစွဲရေးနှင့် လူထုပညာပေးဟောပြောပွဲများကို တစ်လလျှင် သုံးကြိမ်နှုန်းဖြင့် ကျေးရွာ ၃၆ ရွာအား နှစ်ပတ်လည် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး စွမ်းအားမြှင့် အောဝမ်းမီးဖို ၇၂၀ လုံး ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၈၅)

၀-၀-၀-၀-၀-၀-၀




# မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း(မန္တလေး)အသင်းဝင်များ တွေ့ဆုံပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၃**

မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း(မန္တလေး)၏ အသင်းဝင်များတွေ့ဆုံသည့် Member day ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ၂၈လမ်းရှိ Grand Moe Wai Kyaw Cafe မှာ ကျင်းပရာ Member day ပွဲသို့ မန္တလေး ပြင်ဦးလွင် စစ်ကိုင်း၊ မိတ္ထီလာ မြို့နယ်များမှ အသင်းသူ ၂၀၀ တက်ရောက်ခဲ့ပြီး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်းဆွေက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် အသင်းအကြံပေးအဖွဲ့ဝင်များက မေတ္တာဂုဏ်ပြုစကားများပြောကြားကြပြီး အသင်း၏ ရှေ့လုပ်ငန်းစဉ်များနဲ့ MW-EA Award လျှောက်ထားမှုများ နှင့်ပတ်သက်ပြီး တင်ပြဆွေးနွေးကြသည်။ **(အောက်ယာပုံ)**

ဆက်လက်၍ အသင်းနာယကများနှင့်ဥက္ကဋ္ဌတို့က ပွဲဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ အဆိုတော် ဖိုးသောကြာနှင့်ရဲထွဋ်ကျော်တို့က တေးသီချင်းများနှင့် ဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် ပျော်ရွှင်စရာကံစမ်းမဲများ ဖောက်ပြီး စားသောက်ဖွယ်ရာများနှင့် တည်ခင်းဧည့်ခံကျွေးမွေးကြသည်။

မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များ(မန္တလေး)ကို ၂၀၁၆ခုနှစ် နိုဝင်ဘာ ၃၀ရက်တွင် အသင်းဝင် ၅၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ကာ ယခု ၂၀၂၅ခုနှစ်တွင် အသင်းဝင်ပေါင်း ၇၄၀ ကျော် ရှိနေပြီဖြစ်ကြောင်း သိရသည်။

(၀၃၂)

၀-၀-၀-၀-၀-၀-၀



## ငလျင်ကြောင့် ပျက်စီးသွားသော သာသနိကအဆောက်အအုံများ ပြုပြင်နိုင်ရေး ငွေလှူဒါန်း

**မန္တလေး ဩဂုတ် ၃**

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ဒဏ်ကြောင့် သာသနိကအဆောက်အအုံများ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ပြန်လည်ပြုပြင်နိုင်ရေးကို ပါမောက္ခချုပ် ဆရာတော်ကြီး အမှူးပြုသော သင်ကြားစီမံ ဆရာတော်များ၊ မော်ကွန်းထိန်းနှင့် နည်းပြဆရာတော်များ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့က စီမံဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သာသနိကအဆောက်အအုံများပြုပြင်ရာတွင် မြောက်ဘက်ဆွမ်းစားကျောင်းကို ပထမဆုံးပြင်ဆင်သွားမည်ဖြစ်ပြီး ခန့်မှန်းတွက်ချက်မှုအရ ငွေကျပ်သိန်း ၇၀၀ ခန့်ကုန်ကျမည်ဖြစ်သည်။ အကြီးစား ပြင်ဆင်ရမည့် အဆောက်အအုံများတွင် မဟာဘွဲ့နှင်းခန်းမ ခန့်မှန်းကုန်ကျငွေကျပ်သိန်း ၁၅၀၀ ခန့်၊ သိမ်တော်ကြီး ခန့်မှန်းကုန်ကျငွေကျပ် သိန်း ၁၂၅၀ ခန့်၊ တောင်ဘက်ဆွမ်းစားဆောင် ခန့်မှန်းကုန်ကျငွေကျပ်သိန်း ၉၀၀ ခန့် ဖြစ်သည်။



နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော သာသနိကအဆောက်အအုံများ ပြုပြင်ရန် ဇူလိုင် ၂၈ ရက်က မန္တလေးမြို့နေ ဆရာမကြီး ဒေါ်ဆွေဆွေထွန်း၏ (၈၂)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ငွေကျပ်သိန်း ၁၀၀ ကို လာရောက်လှူဒါန်းရာ ပါမောက္ခချုပ် ဆရာတော်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ) (၀၄၅)

## မန္တလေး နမ့်ခမ်းလူမှုကူညီရေးအသင်းက စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး ဩဂုတ် ၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၈၀ပေါ်ရှိ ယူနန် ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပက အဖွဲ့က ဦးစီး၍ (၁၂)ကြိမ်မြောက် (စတုတ္ထပတ်) စုပေါင်းဘုံဆွမ်း



လောင်းလှူပွဲကို ဩဂုတ် ၁ ရက် နံနက် ၆ နာရီက ကျင်းပသည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲတွင် မစိုးရိမ်တိုက်သစ်မှ သံဃာတော်အပါး ၂၅၀ အား ပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပကအဖွဲ့နှင့်အတူ မန္တလေး နမ့်ခမ်းလူမှုကူညီရေးအသင်းက ပူးပေါင်း၍ ဆွမ်း၊ ဆွမ်းဟင်း၊ အရန်ဆွမ်းဟင်းများ လောင်းလှူကြပြီး အမျိုးသမီးအဖွဲ့ဝင်များကလည်း လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူကြကြောင်း သိရသည်။

(ဝဲပုံ)
(၀၉၃)



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဓီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် ဓမ္မပါလ မြကျောင်းတိုက်၊ မြစ်ကြည်တိုက်၊ ညောင်ဦးမြို့နေ ဆရာတော် ဘဒ္ဒန္တဓမ္မပါလက ဆေးပဒေသာပင်ငွေကျပ် သုံးသိန်းကို ယမန်နေ့က လှူဒါန်းရာ ဆွမ်း၊ ကွမ်း ဝေယျာဝစ္စဆပ်ကော်မတီအဖွဲ့ဝင် ဦးဝင်းမြင့်က လက်ခံရယူစဉ်။ (ကဆ)



## မွေးနေ့အထိမ်းအမှတ် ဆွမ်း၊ သင်္ကန်းကပ်လှူ

**စစ်ကိုင်း ဩဂုတ် ၃**

စစ်ကိုင်းမြို့နယ်၊ ရွာသစ်ကြီး(အ·ထ·က)နှင့် သီဟအလွတ်ပညာသင်ကျောင်းမှ အငြိမ်းစား ဆရာမကြီး ဒေါ်ကြည်ဆင့် အသက်(၁၀၂)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ကုသိုလ်ပြုပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၇ နာရီက ဆရာမကြီးနေထိုင်ရာ ရွာသစ်ကြီး ပြည်တော်သာရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မွေးနေ့ရှင်ဆရာမကြီးနေအိမ်ရှိ ဗုဒ္ဓဆင်းတုတော်အား ပန်း၊ ရေချမ်း၊ သစ်သီး၊ဆွမ်းကပ်လှူပြီး ရွာသစ်ကြီး၊ ပြည်တော်သာကျောင်းထိုင် ဆရာတော်နှင့် ကိုင်းပြင်ကျေးရွာအုပ်စုမှ ပင့်သံဃာတော် ၃၄ ပါးတို့အား ဆွမ်း၊သင်္ကန်းကပ်လှူပြီး သံဃာတော်တစ်ပါးလျှင် နဝကမ္မငွေကျပ် တစ်သောင်းစီ လှူဒါန်းသည်။

ထို့နောက် မွေးနေ့ရှင် ဆရာမကြီးက စစ်ကိုင်းတိုင်းဒေသကြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကောသလ္လာဘိဝံသအား ဝါဆိုသင်္ကန်းနှင့် နဝကမ္မ ငွေကျပ် ၁၅၀၀၀၀ ကို ဆက်ကပ်ပြီး လှူဒါန်းမှုအစုစုတို့အတွက် တိုင်း ဘ/ကဥက္ကဋ္ဌ ဆရာတော်ကြီးထံမှ အနုမောဒနာ တရားနာယူကြည်ညိုကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကျောင်းသားဟောင်းများဖြစ်ကြသော ဦးခင်မောင်အေး(ရွာသစ်ကြီး စိန်ရတနာကားဂိတ်ပိုင်)နှင့် ဦးဘုန်းကြွယ်တို့ ဦးဆောင်သော ကျောင်းသား၊ ကျောင်းသူဟောင်းများက မွေးနေ့ရှင် ဆရာမကြီးအား ငွေကျပ်သိန်း နှစ်ဆယ်နှင့် ဆေးဝါးပစ္စည်းမျိုးစုံ၊ မုန့်မျိုးစုံတို့ဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရသည်။

(၀၅၁)

## မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးခဲ့သော မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန် အလှူငွေများ လာရောက်လှူဒါန်း

**မန္တလေး ဩဂုတ် ၃**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်ရန် အနယ်နယ်အရပ်ရပ်မှ အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိရာ ဇူလိုင် ၂၉ ရက်က မူဆယ်မြို့နေ ဦးဇော်မင်း+ဒေါ်ဝင်းပြုံး (စိန်သရဖူကုန်စည်ပို့ဆောင်ရေး) မိသားစုက ငွေကျပ် သိန်း ၂၀ ကိုလည်းကောင်း၊ မန္တလေးမြို့နေ ဦးဇော်မင်းဝင်း+ဒေါ်လှထွေးရီ မိသားစုက ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ HP Lee Family&Friends Yangon မှ ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ မန္တလေးမြို့ ပဌာန်းအလင်းရောင်ဝတ်အသင်းက ငွေကျပ် ၁၀ သိန်းတို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီးကျောင်းတော်ကြီးပြုပြင်ရန်၊ ပြတိုက်များ ပြင်ဆင်ရန်၊ စောင်းတန်းများ ပြုပြင်ရန်၊ မုခ်ဦးပြာသာဒ်များ ပြုပြင်ရန်နှင့် ဘက်စုံပြုပြင်ရန်အတွက် အလှူငွေ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် KBZ Bank ငွေစာရင်းအမှတ် ၀၈၇၃ ၀၂၀၆၁၀၀၄၄၉၁၀၁နှင့် UAB ဘဏ်ငွေစာရင်းအမှတ် ၀၁၇၀၃၀ ၁၀၀၀၁၂၂၅၉ နှင့် နိုင်ငံခြားငွေစာရင်း အမှတ် ၀၁၇၀၁၂၁၀၀၀ ၀၀၇၅၀ နှင့် ဖုန်း ၀၉-၄၄၄၀၄၄ ၄၇၅၊၀၉-၄၀၂၅၉၉၉၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အောက်ပုံ)**

**မောင်ပြည်သူ(မန္တလေး)**



## ပရိယတ္တိသာသနဟိတအသင်း(မန္တလေး)၏ (၁၁၉)ကြိမ်မြောက် နယုန်လ စာအောင်ဘွဲ့နှင်းသဘင် ကျင်းပ

**မန္တလေး ဩဂုတ် ၃**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၅လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းရှိ ပရိယတ္တိသာသနဟိတအသင်းမှ ကြီးမှူး၍ (၁၁၉)ကြိမ်မြောက် နယုန်လစာအောင်ဘွဲ့ဆက်ကပ်ပူဇော်ပွဲကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီက အသင်းတိုက်ဓမ္မဗိမာန်အလယ်ထပ်တွင် ကျင်းပသည်။

အခမ်းအနားသို့ အသင်းဩဝါဒါစရိယ ဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ စာအောင်သံဃာတော်များ၊ အသင်းဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးလွင်၊ အတွင်းရေးမှူး ဦးဇော်ဇော်နှင့် အသင်းအမှုဆောင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အဘိဝံသသီးခြားစာချတန်းအောင်၊ သီးခြားစာသင်တန်းအောင်၊ သာသနာ့အာဇာနည် အပါး ၂၀ တို့အား အသင်းအမှုဆောင်များက ခန်းမအတွင်းသို့ ပင့်ဆောင်ကြသည်။

ထို့နောက် အောင်စဉ်(၁)၊ အောင်စဉ်(၂)၊ အောင်စဉ်(၃)တို့ဖြင့် အောင်မြင်တော်မူသော သာသနာ့အာဇာနည်သုံးပါးတို့အား ဆရာတော်များက စာထောက် စာမေးမြန်းပြီး အသင်းဩဝါဒါစရိယနာယက မစိုးရိမ်တိုက်သစ်၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ ပရိယတ္တိသာသနဟိတ(သကျသီဟ) သီးခြားဓမ္မာစရိယ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသက ဩဝါဒါမြွက်ကြားခြင်း၊ အသင်းဥက္ကဋ္ဌ ဦးသိန်းထွန်းက (၁၁၉)ကြိမ်မြောက် နယုန်လ စာအောင်ဘွဲ့ဆက်ကပ်ပူဇော်ခြင်းနှင့်ပတ်သက်၍ လျှောက်ထားခြင်း၊ စာအောင်သံဃာတော်များအား အသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးနှင့် အမှုဆောင်များက စာအောင်လက်မှတ်ဘွဲ့ပုံတော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

စာအောင်ဘွဲ့နှင်းသဘင်သို့ ကြွရောက်သော ဆရာတော်၊ သံဃာတော်များ၊ စာအောင်ပုဂ္ဂိုလ်များအား အိမ်တော်ရာဆင်တံတားနေ ဦးရှင်+ဒေါ်နု မိသားစုက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ) (ကဆ)**



# ကြိုတင် မခန့်မှန်းနိုင်သော မြေငလျင်လှုပ်ခတ်မှုနှင့် ပညာရှင်တို့ သဘောထား



လူမှုပတ်ဝန်းကျင်၌ ကြုံတွေ့ရနိုင်သော မြေငလျင်ဘေး၊ ရေကြီးရေလျှံဘေး၊ ကမ်းပြိုဘေး၊ မုန်တိုင်းဘေး၊ မိုးကြီးဘေး၊ မြေပြိုဘေး၊ ဆူနာမီဘေး စသည်ဖြင့် ကိုးမျိုးရှိရာ လာမည့်ဘေး ပြေးတွေ့ကြရမည်ဖြစ်၍ ကြောက်ရွံ့နေ၍ မဖြစ်ချေ။ များသောအားဖြင့် ကာကွယ်ရေးလမ်းညွှန်ချက်များကို ဥပေက္ခာပြုထားကြသည်။ ကာကွယ်ရေးနည်းလမ်းများကို သိရှိလိုက်နာလျှင် ဆုံးရှုံးမှုနည်းမည်မှာ အသေအချာဖြစ်ပြီး ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ကြရန် လိုအပ်သည်။

မြေငလျင်ဘေးမှာ ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိခြင်းနှင့် မြေငလျင်သုတေသနများအရ အကြမ်းဖျင်းအားဖြင့် အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ဖူးသည့် နောက်ပိုင်း နှစ် ၈၀ ကျော် ကြာမြင့်ပြီးချိန်၌ တစ်ကျော့ပြန် ငလျင်ကြီးများ လှုပ်ခတ်နိုင်သည်ဟုဆိုခြင်းကြောင့် ငလျင်ဖြစ်ပွားစဉ်၊ ဖြစ်ပွားပြီးနောက် ဆောင်ရန်၊ ရှောင်ရန် နည်းလမ်းများကို သိရှိလိုက်နာကြရမည် ဖြစ်သည်။

**မြေငလျင်လှုပ်ခတ်ခြင်း**

ငလျင်ဆိုသည်မှာ ကမ္ဘာမြေလွှာနှစ်ခု ပွတ်တိုက်မိပြီး ကမ္ဘာမျက်နှာပြင်တုန်ခါသွားခြင်း ဖြစ်သည်။ အဓိကအားဖြင့် ကမ္ဘာကို မြေလွှာကြီး လေးခုနှင့် ဖွဲ့စည်းထားပြီး Inner Core , Outer Core , Mantle , Crust ဖြစ်ပြီး အပြင်ဘက်ဆုံးအလွှာဖြစ်သည့် Crust နှင့် Mantle နှစ်ခုပေါင်း၍ ကမ္ဘာမျက်နှာပြင်ပေါ်မှ အစိတ်အပိုင်းများစွာသော အလွှာပါးပါးဖြင့် ဖုံးအုပ်ဖွဲ့စည်းထားသည်။ ထိုအစိတ်အပိုင်းများက တစ်နေရာထဲတွင် ငြိမ်မနေဘဲ အမြဲရွေ့လျားနေပြီး တစ်ခုနှင့်တစ်ခု တိုက်မိခြင်း၊ တစ်ခုပေါ်တစ်ခု ထပ်မိခြင်းများ ဖြစ်ပေါ်လျက် ရွေ့လျားနှုန်းသည် လွန်စွာနှေးကွေးသောကြောင့် သတိမထားနိုင်ဟု ဆိုပါသည်။

ထိုအစိတ်အပိုင်းများကို Tectonic Plates (မြေလွှာချပ်ကြီးများ)ဟုခေါ်ဆိုပြီး ငလျင်အများစုမှာ Tectonic Plates အစွန်းဧရိယာများတွင် ဖြစ်ပေါ်တတ်၍ ထိုအစွန်းဧရိယာနှစ်ခု ထိတွေ့မိသည့်အခါ ဆက်လက်ရွေ့လျားနိုင်ခြင်းမရှိဘဲ တစ်ခုနှင့်တစ်ခု တွန်းတိုက်ကြသဖြင့်အရွေ့စွမ်းအင်ဖြစ်ပေါ်လာသည်။ မြေလွှာချပ်နှစ်ခု တွန်းတိုက်ရာက ဆက်လက်ရွေ့လျားနိုင်ခြင်းမရှိ၍ ထိုနေရာတစ်ဝိုက်တွင် ပိတ်မိနေတတ်ပြီး အချိန်ကြာလာသည့်အခါ အရွေ့စွမ်းအင်များကို ဆက်လက်သိုလှောင်ထားရန် ပမာဏကြီးမားလာပြီး ဘောပတ်လည်သို့ လှိုင်းအသွင် ပျံ့နှံ့သွားခြင်းဖြင့် ငလျင်ဖြစ်ပေါ်လာသည်။ ငလျင်ဖြစ်ပေါ်စေသည့် မြေလွှာပြတ်ရွေ့ကြောအရွယ်အစားနှင့် ရွေ့လျားသွားမှုပေါ်မူတည်၍ ငလျင်လှုပ်ခတ်မှုပြင်းအားဖြစ်ပေါ်သကဲ့သို့ သက်ရောက်မှုသည် ငလျင်ဗဟိုချက် အတိမ်အနက်ပေါ်တွင်လည်း မူတည်သည်ဟု သိရသည်။

**မန္တလေးငလျင်ကြီး**

၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်က အင်အားရစ်(ချ်)တာစကေး ၇ ဒသမ ၇ ဖြင့် မန္တလေးမြို့ အရှေ့မြောက်ဘက် ၁၃ မိုင်ခန့်အကွာတွင် အနက် ၁၀ ကီလိုမီတာ ဗဟိုပြု၍ အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့ရာ မန္တလေး၊ မိတ္ထီလာ၊ နေပြည်တော်၊ စစ်ကိုင်း စသည့် ဒေသများတွင် ပျက်စီးထိခိုက်မှုများစွာ ရှိခဲ့သည်။ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှု၊ အပူချိန်မြင့်မားလာမှုတို့မှ ရေကြီးရေလျှံဘေး၊ မြေငလျင်ဘေး၊ မုန်တိုင်းဘေး စသဖြင့် သဘာဝဘေးများကို တွေ့ကြုံခံစားကြရသည်။

အင်အားပြင်းငလျင်ကြီး လှုပ်ခဲ့သည့် ၂၀၂၅ ခုနှစ် မြန်မာနိုင်ငံတွင် ပြည်တွင်းဗဟိုပြုမြေငလျင်လှုပ်ရှားမှုပေါင်းမှာ မတ် ၂၈ ရက်မှ ဩဂုတ် ၁ ရက်အထိ လေးလကျော်ကာလအတွင်း စုစုပေါင်း (၂၁၇)ကြိမ်ရှိခဲ့ပြီး နောက်ဆက်တွဲငလျင်များမှာ ရစ်(ချ်)တာစကေး သုံးအဆင့်မှ ငါးအဆင့်ကျော်အထိ ရှိခဲ့သည်။

"ငလျင်က ကြိုတင်ခန့်မှန်းလို့မရဘူး။ ဒါပေမဲ့ ဂျပန်နိုင်ငံက ခန့်မှန်းလို့ရတယ်လို့ ပြောတာက ငလျင်ရဲ့ ပထမဆုံးထွက်လာတဲ့ လှိုင်းနဲ့ ဒုတိယလှိုင်း ကွာခြားချက်ကို ခန့်မှန်းတာပါ။ ဘယ်အတွက်လဲဆိုတော့ ကျည်ဆန်ရထားတွေအတွက်ပါ။ ရထားက အရှိန်နဲ့လာတယ်။ ငလျင်ကလည်း အရှိန်ရှိတယ်။ အရှိန်နှစ်ခု ဆုံသွားရင် ထိခိုက်မှုပိုများမှာစိုးလို့ ငလျင်ပထမလှိုင်းမှာ သတိပေးချက်ရလိုက်တာနဲ့ ဒုတိယငလျင်လှိုင်းမလာမီ ရထားရဲ့အရှိန်ကို လျှော့ချလိုက်တယ်။ ဒါကို တွင်ကျယ်စွာ သုံးနေတာလည်း မဟုတ်ပါဘူး။ တရုတ်နိုင်ငံမှာ ငလျင်မလှုပ်မီ တိရစ္ဆာန်တွေရဲ့ အပြုအမူ ပြောင်းလဲမှုတွေကို လေ့လာနေကြတယ်။ အင်အားပြင်း ငလျင်ကြီးလှုပ်ခတ်ပြီးနောက်ပိုင်း နောက်ဆက်တွဲငလျင်တွေလာမယ်။ မီးဘေးအန္တရာယ်တွေ၊ ရောဂါတွေ ကျူးပေါက်မှုများဖြစ်တတ်ပြီး လက်တွေ့မှာ နောက်ဆက်တွဲငလျင်တွေကို ကြုံတွေ့နေရတယ်"ဟု မိုး/ဇလ ညွှန်ကြားမှုဦးစီးဌာန(အထက်မြန်မာပြည်ဌာနခွဲ -မန္တလေး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းလင်းကျော်က ပြောသည်။

ငလျင်က ဘယ်အချိန်၊ ဘယ်နေရာ၊ အင်အားဘယ်လောက်ဖြင့် လှုပ်မည်ဟု ကြိုတင်ခန့်မှန်း၍မရသည့်အတွက် လူမှုကွန်ရက်တွင် ငလျင်လှုပ်မည့်နေ့ကို ကြိုတင်ခန့်မှန်းပြောနေကြရာ မျက်စိမှိတ် မယုံကြရန်နှင့် စိုးရိမ်စိတ် မလွန်ကဲရန်လိုအပ်ပြီး အစဉ်သတိဖြင့် ကြိုတင်ပြင်ဆင်ထားရန် လိုအပ်သည်။ အဆောက်အအုံများနှင့် ပတ်သက်၍ အင်အားပြင်းငလျင်ကြောင့် ထိခိုက်မှုများခဲ့ပြီး အချို့အဆောက်အအုံများသည် ပြိုကျမသွားသော်လည်း နောက်ဆက်တွဲငလျင်လှုပ်ခတ်မှု အကြိမ်ရေများစွာ ခံစားရသဖြင့် ပြန်လည်ပြုပြင်ပါက အဆောက်အအုံများ၏ နောက်ဆုံးအခြေအနေ ခံနိုင်ရည်အားကို ထည့်သွင်းတွက်ချက်ရန်လိုသည်ဟု ဆိုသည်။

"လွန်ခဲ့တဲ့ နှစ် ၁၀၀ အတွင်းက ဒီလောက်ကြီးတဲ့ ငလျင်မရှိသလောက်ဘဲ။ ၁၉၃၉ ခုနှစ်မှာ ပဲခူးငလျင်ကြီး လှုပ်ခဲ့တယ်။ အဲ့ဒီတုန်းက မြို့ပြဖွံ့ဖြိုးမှု၊ လူဦးရေသိပ်သည်းမှုတွေက ခုလောက်မရှိတော့ ထိခိုက်ပျက်စီးမှုနည်းခဲ့တယ်။ အဆောက်အအုံတွေ ဆောက်လုပ်ရင် Soil Test လုပ်တာ၊ သုံးစွဲတဲ့ ဆောက်လုပ်ရေးပစ္စည်းတွေနဲ့ တည်ဆောက်မှုမှာ စံချိန်စံညွှန်းမီဖို့ လိုတယ်။ ငလျင်ကြောင့် အဆောက်အအုံတွေ အကုန်လုံးပြိုတာမဟုတ်ဘူး။ ပြိုကျတာတွေက ဆောက်လုပ်စဉ်က ငလျင်ဒဏ်ခံနိုင်တဲ့ အရည်အသွေးမရှိလို့ ပြိုကျတယ်။ အသက်ဆုံးရှုံးမှုတွေ ရှိလာတယ်"ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

**လှုပ်ခတ်မှု အကြိမ်ရေ များလာ**

ပျက်စီးဆုံးရှုံးမှုများပြားခဲ့သော အင်းဝငလျင်(၁၈၃၉)၊ ဖြူးငလျင်(၁၉၃၀)၊ ပဲခူးငလျင်(၁၉၄၀)၊ စစ်ကိုင်းငလျင်(၁၉၅၆)များနှင့် လက်ရှိအချိန်ကာလသည် နှစ်ပေါင်း ၆၀ အထက် ကြာမြင့်ခဲ့ပြီဖြစ်၍ နောက်ဆက်တွဲ ငလျင်ကြီးများဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းပြောဆိုမှုများ ရှိခဲ့သည်။

"ငလျင်လှုပ်ရှားမှုဖြစ်စေတဲ့ ပြတ်ရွေ့ကြောတည်ရှိတဲ့နေရာရယ်၊ မြေထုချပ်တိုးဝင်မှုဖြစ်စဉ်ရှိတဲ့နေရာရယ်၊ ယခင်အတိတ်ကာလက ငလျင်လှုပ်ရှားခဲ့ဖူးတဲ့နေရာရယ်၊ ဒီလို ငလျင်ငယ်လေးတွေလှုပ်တာက ငလျင်ကြီးလှုပ်ဖို့ ရှေ့ပြေးငလျင်ဖြစ်မလားဆိုတာ တိတိကျကျ မပြောနိုင်ဘူး။ အင်အားအနည်းငယ်တွေလှုပ်ခြင်းဖြင့် ကမ္ဘာမြေလွှာအတွင်း ငလျင်ဖြစ်ပေါ်စေတဲ့ စွမ်းအင်တွေ တဖြည်းဖြည်းလျော့နည်းသွားပြီး အင်အားပြင်းငလျင်လှုပ်ဖို့ အခွင့်အလမ်းနည်းသွားတာလည်းဖြစ်နိုင်တယ်။ ပြည်တွင်းသာမက ကမ္ဘာမှာ ငလျင်လှုပ်ခတ်မှုအကြိမ်များလာတာတွေ့ရတယ်။ဒါကလည်း မြေထုချပ်ပွတ်တိုက်ရွေ့လျားမှု၊ သက်ရှင်ပြတ်ရွေ့ ရွေ့လျားမှု၊ မြေသားရွေ့လျားမှုတွေများလာလို့ ငလျင်လှုပ်တဲ့အကြိမ်ရေ တစ်နှစ်ထက်တစ်နှစ် များလာတယ်"ဟု မိုး/ဇလ၊ ငလျင်ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ရင်မျိုးမင်းထွေးက ပြောကြားထားသည်။

**အတိတ်က ပြည်တွင်းငလျင်များ**

မြန်မာနိုင်ငံ ငလျင်မှတ်တမ်းများအရ ၁၇၆၂ ခုနှစ်၊ ဧပြီ ၂ ရက်က ရခိုင်ငလျင်၊ ၁၈၃၉ ခုနှစ်၊ မတ် ၂၃ ရက်က အင်းဝငလျင်၊ ၁၈၄၃ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်က စိုင်ခြုံငလျင်၊ ၁၈၄၈ ခုနှစ်၊ ဖေဖော်ဝါရီ ၃ ရက်တွင် ကျောက်ဖြူငလျင်၊ အမရပူရ၌ ၁၈၅၈ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်နှင့် ဩဂုတ် ၂ ရက်တွင် တစ်ကြိမ်စီ၊ ၁၈၇၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက် နံနက်အစောပိုင်းက မန္တလေး၌ နှစ်ကြိမ် ဆက်တိုက်လှုပ်ခဲ့ပြီး အပျက်အစီးနည်းသည့်ငလျင်၊ ၁၉၁၂ ခုနှစ်၊ မေ ၁၃ ရက်တွင် ပြင်ဦးလွင် ငလျင်ကြောင့် ရှမ်းပြည်နယ်၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ မန္တလေး၊ စစ်ကိုင်း၊ ရွှေဘိုနှင့် အောက်ဘက် ပဲခူးအထိ ပျံ့နှံ့ခဲ့သည့် ငလျင်၊ ၁၉၁၇ ခုနှစ်၊ ဇူလိုင် ၅ ရက် နံနက် ၄ နာရီ မိနစ် ၄၀ က ပဲခူးငလျင်၊ ၁၉၂၇ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီ ၅ မိနစ်တွင် တစ်ကြိမ်၊ ၁၂ နာရီ ၄၇ မိနစ်တွင် တစ်ကြိမ်၊ ညနေ ၄ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ်၊ စက်တင်ဘာ ၁၇ ရက်၊ နံနက်၂ နာရီ ၂၅ မိနစ်တွင် ပြင်းထန် ရန်ကုန်ငလျင်၊ ၁၉၂၉ ခုနှစ်၊ ဩဂုတ် ၈ ရက်က ဆွာငလျင်၊ ၁၉၄၀ ပြည့်နှစ်၊ မေ ၅ ရက် ည ၈ နာရီ ၁၈ မိနစ်က ဒုတိယအကြိမ် ပဲခူးငလျင်၊ ၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၃ ရက်နှင့် ၄ ရက်က ဖြူးတွင် လှုပ်ခတ်ခဲ့ပြီး ၄ ရက်နေ့က ငလျင်ကြောင့် ပျက်စီးမှုများ ရှိခဲ့သည်။ ထိုအချိန်များက မြန်မာနိုင်ငံ၌ ငလျင်လှုပ်ခတ်မှုတိုင်းတာနိုင်ခြင်းမရှိခဲ့၍ ပျက်စီးမှုနှင့် ကျယ်ပြန့်မှုအပေါ် ငလျင်ပြင်းထန်မှုကို သုံးသပ်ခဲ့ကြသည်။

ကမ္ဘာ့ငလျင်ကြော နှစ်ခုအနက် တစ်ခုမှာ မြစ်ကြီးနားမှစ၍ စစ်ကိုင်း၊ ဂန့်ဂေါတောင်တန်းများနှင့် ပဲခူးရိုးမအရှေ့ဘက်ခြမ်းကို ဖြတ်ကာ မုတ္တမပင်လယ်ကွေ့အထိ ကီလိုမီတာ တစ်ထောင်ခန့် ရှည်လျား၍ အပိုင်း(၁)မှာ ပူတာအိုမှ အင်းတော်ကြီး၊ အပိုင်း(၂)မှာ တကောင်းမှ စစ်ကိုင်း၊ အပိုင်း(၃)မှာ သာစည်မှ ပျဉ်းမနား၊ အပိုင်း(၄)မှာ တောင်ငူမှ ပဲခူးနှင့် အပိုင်း-၅ မှာ ပဲခူးမှ မုတ္တမပင်လယ်ကွေ့ထိဖြစ်ပြီး ဘူမိဗေဒပညာရှင်များ လေ့လာချက်အရ တစ်နှစ်လျှင် ပျမ်းမျှ ၁၈ ဒသမ ၅ မီလီမီတာခန့် ရွေ့လျားနေသည်ဟု ပညာရှင်များက ပြောဆိုသည်။

**ငလျင်ဘေးကာကွယ်ရေး**

ကြိုတင်ကာကွယ်ရေးတွင် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများတည်ဆောက်ရန်၊ ဆူနာမီ(ပင်လယ်ဒီလှိုင်း)ကျရောက်တတ်သည့်နေရာများနှင့် မြေသားမခိုင်မာသည့် နေရာများတွင် အဆောက်အအုံ ဆောက်လုပ်ခြင်းမပြုရန်၊ ရှေးဦးသူနာပြု ဆေးသေတ္တာများထားရှိရန်နှင့် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ထားရန်တို့ ဖြစ်သည်။

မည်သို့ဆိုစေ သဘာဝဘေးအန္တရာယ်များအနက် ငလျင်ဘေးသည် ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိသေးသောကြောင့် ကောလာဟလသတင်းများကြား မျောပါကာ စိုးရိမ်မနေသင့်ဘဲ ကာကွယ်ရန်နည်းလမ်းများကို သိရှိနားလည်ထားရန် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ကြရန် လိုအပ်ပါတော့သည်။

ခိုင်ဆက်ဝေ



## ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ပညာရှင်အဖွဲ့ ကွင်းဆင်းဆွေးနွေး

**တပ်ကုန်း ဩဂုတ် ၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တပ်ကုန်းမြို့နယ်၌ တစ်နှစ်သုံးသီးစား သီးနှံစိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေး စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) ပညာရှင်အဖွဲ့မှ နည်းပညာပေး ဆွေးနွေးခြင်းကို ဩဂုတ် ၁ ရက် နံနက်ပိုင်းက ရွှေစုကျေးရွာ၊ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ(KC)ခန်းမတွင် ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါဆွေးနွေးပွဲသို့ ရွှေစုကျေးရွာအုပ်စုမှ ကျေးရွာ နှစ်ရွာနှင့် နွယ်ရစ်ကျေးရွာအုပ်စုမှ ကျေးရွာ နှစ်ရွာမှ တောင်သူများ တက်ရောက်ခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) သီးနှံကာကွယ်ရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းသန်းဦးဆောင်သည့် ပညာရှင်အဖွဲ့က တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေး၊ သီးနှံများပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် မျိုးကောင်း၊ မျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ရိုးပြတ်များ ဆွေးမြေ့ရန် ဆောင်ရွက်ရမည့်နည်းလမ်း၊ မြေဆီလွှာနှင့် ရေဓာတ်ခွဲစစ်ဆေးခြင်း၊ မြေဩဇာ ထည့်သွင်းခြင်းနည်းစနစ်များ၊ ပိုးမွှားရောဂါနှင့် ပေါင်းမြက်ဘက်စုံကာကွယ်နှိမ်နင်းရေးနည်းလမ်းများကို ပညာပေးဆွေးနွေးခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့်တောင်သူများက တစ်နှစ်သုံးသီးစားသီးနှံ စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စိုက်ပျိုးရေးနှင့် ပတ်သက်သည့် အခက်အခဲများ တင်ပြခဲ့ကြရာ ပညာရှင်အဖွဲ့(ရုံးချုပ်)၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးစိုးနိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးမင်းထွန်းတို့က ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀

## မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာမိသားစု (၁၂၆)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဩဂုတ် ၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ်(တနင်္ဂနွေနေ့)တွင် လေးပြင်လေးရပ်မှကြွရောက်အလှူခံတော်မူကြသော သံဃာတော်များအား ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များနှင့် ကွယ်လွန်သူမိခင်ကြီး ဒေါ်တင်မြ၏ ငါးလပြည့်အထိမ်းအမှတ်အဖြစ် အလှူရှင် ဦးမောင်မောင်+ဒေါ်မိုးသူဇာ၊ (သမီး)မထက်ထက်ဝင့်အောင်၊ (သား)မောင်မျိုးသန့်ကျော်နှင့် ကျန်ရစ်သူ သား၊ သမီး၊ မြေး၊ မြစ် မိသားစုတို့က လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့နံနက်ပိုင်းက (၁၂၆)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ကြက်သားဟင်း၊ ကုလားပဲနှပ်၊ သရက်ချဉ်သုပ်တို့ကို ၃၆လမ်းနှင့်၆၉လမ်းထောင့်တွင်ပြင်ဆင်၍ ကြွရောက်လာကြသော သံဃာတော် အပါး ၂၀၀ ကျော်တို့အား နံနက် ၅ နာရီခွဲမှစတင်၍ လောင်းလှူခဲ့ကြပြီး တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။



**(အပေါ်ပုံ)**

**မန္တလေးနေ့စဉ်(၃)**

၀-၀-၀-၀-၀-၀-၀

## မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး) Mobile Clinic အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ကွင်းဆင်းကုသ

**မန္တလေး ဩဂုတ် ၃**

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး)သည် ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို ဖွဲ့စည်း၍ ငလျင်ဘေးသင့်ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်း၍ ဆေးကုသပေးလျက် ရှိသည်။



ချမ်းအေးသာစံမြို့နယ်၊ လမ်း၇၀နှင့်၃၁လမ်းထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး)သို့ ငလျင်ဘေးသင့်ပြည်သူများအား ဆေးကုသနိုင်ရန် ငွေနှင့် ဆေးဝါးများကို လာရောက်လှူဒါန်းလျက်ရှိသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေးတိုင်းဒေသကြီး) Mobile Clinic မှ ဒေါက်တာရန်နိုင်မိုးနှင့် အထွေထွေရောဂါကုဆရာဝန်ကြီး ဒေါက်တာမောင်မောင်သန်းအဖွဲ့သည် ဩဂုတ် ၁ ရက်က အောင်မြေသာစံမြို့နယ်၊ ၆၂လမ်း၊ အနိပ်တော်ရပ်ကွက်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်အတွင်းမှ ငလျင်ဘေးသင့်ပြည်သူ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၉၀ ဦးနှင့် ကလေး လေးဦးတို့အား ပဏာမကျန်းမာရေးစောင့်ရှောက်၍ ကွင်းဆင်းကုသပေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၀၄၅)**



## စာဖတ်ရှိန်မြှင့်တင်ရေး ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**တောင်တွင်းကြီး ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဩဂုတ် ၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကဗျာရွတ်ဆိုပြိုင်ပွဲကို ကျင်းပရာ မြို့မအခြေခံပညာအလယ်တန်းကျောင်း၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦးက မိမိတို့ကြိုက်နှစ်သက်ရာ ကဗျာခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ပြီး အဆိုပါ ပြိုင်ပွဲသို့ မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**နောင်နောင်(ဓိသနိုးမြေ)**

## ပြည်တွင်း ပဲ၊ နှမ်း ဈေးကွက်တစ်ခုလုံး ဈေးကွက်အနည်းငယ်ကျဆင်း အဝယ်အေးနေ

**မန္တလေး ဩဂုတ် ၃**

ပြည်တွင်း ပဲ၊နှမ်း ဈေးကွက်တစ်ခုလုံး ဈေးကွက် အနည်းငယ်ကျဆင်း၍ အဝယ်အေးနေကြောင်း ပဲကုန်သည်များထံမှ သိရသည်။

မိုးရာသီအတွင်း ကုန်စည်စီးဆင်းမှု အခက်အခဲရှိသောကြောင့် ပြည်တွင်းပဲတင်ပို့မှု နည်းပြီး ဈေးကွက်အနည်းငယ်ကျဆင်းနေကြောင်း၊ လက်ရှိတွင် ပြည်တွင်း ပဲမာလိုင်းများနှင့် ပြည်တွင်းသုံး ကုလားပဲများ၊ ပို့ကုန်ပဲများမှာ ရောင်းအဝယ်အေးနေကြောင်း၊ လက်ကျန်နည်းလာသည့် စားတော်ပဲ၊ ပဲကြီးတို့သာ ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း ရွှေစင်သိန်းပွဲရုံပိုင် ဦးကျော်သွင်က ပြောသည်။

ဩဂုတ် ၃ ရက်တွင် ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀၀၊ ပဲနီပြာ(ကျွန်း)တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ စားတော်ပဲ(ကနေဒါ) တစ်အိတ်လျှင် ငွေကျပ် ၅၆၀၀၀၀ အထိ စံချိန်တင်ဈေးမြင့်တက်လာသည်။



ဩဂုတ် ၃ ရက်တွင် ဈေးမြင့်တက်နေသည့် နှမ်းနက်မှာ ဈေးကျဆင်းသွားရာ နှမ်းနက်သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၈၂၀၀၀၀၊ နှမ်းဖြူ(ဂျပန်)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀၊ နှမ်းဖြူ(ဗမာ)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ နှမ်းညိုသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀ ပေါက်ဈေးရှိနေပြီး လက်ရှိအချိန်တွင် မန္တလေးဈေးကွက်တွင်သာ အဓိက အရောင်းအဝယ်ဖြစ်နေသည့် မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၄၀၀၊ မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးကွက်အနည်းငယ်ကျဆင်းပြီး ဈေးငြိမ်နေရာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၆၃၀၀၀၊ V7 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၂၀၀၀၊ 929 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၂၀၀၀ အသီးသီး ဈေးကျဆင်းသွားသည်။

ပို့ကုန်ပဲများဖြစ်သည့် ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၅၀၀၀၊ မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၇၀၀၀၊ ပဲတီးစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၆၅၀၀၀သာ ပေါက်ဈေးရှိနေကြောင်း သိရသည်။

ပြည်တွင်း တရားမဝင်ကုန်သွယ်မှု မရှိစေရေးအတွက် စိစစ်စစ်ဆေးမှုများ ရှိနေသလို မိုးတွင်းကာလဖြစ်သောကြောင့် သယ်ယူပို့ဆောင်ရေး အခက်အခဲရှိသောကြောင့်လည်း မန္တလေး ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး အရောင်းအဝယ်အေးနေခြင်းဖြစ်ကြောင်း သိရသည်။ **(ရွှေမန်း)**

❖ စည်းလုံးသောနိုင်ငံ၊ ညီညွတ်သောနိုင်ငံ၊ နိုးကြားကြိုးစားသောနိုင်ငံသည် အမြဲထာဝရ ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပြီး စည်းလုံးညီညွတ်မှုမရှိပါက နိုင်ငံပါ ရေနစ်ဆားကဲ့သို့ ပျက်စီးပျောက်ကွယ်သွားမည်သာဖြစ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်မည့်စက်ရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၃

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း သည် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ New Stellar Energy MM Co.,Ltd. ၏ ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်မည့်စက်ရုံသို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။





**အလေးထားဆောင်ရွက်ရန်လို**

ကြည့်ရှု စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် စက်တပ်ဆင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အချိန်မီပြီးစီးရေး၊ စနစ်တကျရှိရေး၊ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် အနီးကပ် ကြီးကြပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် Check List များ ပြုစုဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများသည် ပြည်ပမှတင်သွင်းသည့် အလားတူပစ္စည်းများနှင့် ဈေးကွက်အတွင်း၌ ဈေးနှုန်း၊ အရည်အသွေးများ ယှဉ်ပြိုင် ရောင်းချနိုင်အောင် ကြိုးစား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးအခြေခံ၍ စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် တွန်းအားပေးဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေရရှိရေး၊ ထွက်ရှိလာသည့် သီးနှံများ အခြောက်ခံသည့် လုပ်ငန်းစဉ်များတွင် ဆိုလာများကို အသုံးပြုလျက်ရှိကြောင်း၊ ထို့ကြောင့် ဆိုလာများ တပ်ဆင်ထုတ်လုပ်သည့် လုပ်ငန်းများ အမြန်ဆုံးစတင်ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားပြီး ကုမ္ပဏီတာဝန်ရှိသူများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်မည့်စက်ရုံ တည်ဆောက်နေမှု၊ လျှပ်စစ်သုံး မော်တော်ယာဉ်များအား SKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်မည့်စက်ရုံ တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးသည်။

New Stellar Energy MM Co.,Ltd. ၏ ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်မည့်စက်ရုံကို ဇူလိုင် ၂၅ ရက်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် စတင်ထုတ်လုပ်နိုင်ရေး ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် စက်ရုံတည်ဆောက်ပြီးစီးပါက Solar Panel၊ Inverter၊ Battery၊ PV Bracket များကို အရည်အသွေးပြည့်မီအောင် တပ်ဆင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

နေပြည်တော် ဩဂုတ် ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် အခြေခံပညာကျောင်းများကို တစ်နှစ်နီးပါး ပိတ်ထားခဲ့ရပြီး ဇူလိုင် ၂၅ ရက်မှစ၍ အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်ကာ ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း ၂၂ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း ကျောင်းသား ကျောင်းသူ ၄၉၀ ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသားကျောင်းသူ ၃၄၄၇ ဦး အေးချမ်းပျော်ရွှင်စွာတက်ရောက်ပညာသင်ကြားလျက်ရှိသည်။



နောင်ချိုမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံခြင်းများ ဆောင်ရွက်ပေးမှုကို တွေ့ရစဉ်။

ထို့အပြင်ကျောင်းသားကျောင်းသူများအေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ဌာနဆိုင်ရာ ဝန်ထမ်းများက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများ တူးဖော်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

၎င်းအပြင် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ အဖျားရောဂါနှင့် အထွေထွေရောဂါများဖြင့်ဒေသခံတိုင်းရင်းသားပြည်သူ အမျိုးသား ၄၂ ဦး၊ အမျိုးသမီး ၆၆ ဦး စုစုပေါင်း ၁၀၈ ဦးတို့အား တပ်မတော်သား ဆရာဝန်များနှင့် ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ကိုပါအမေရိက အမျိုးသမီးချန်ပီယံဆုကို ဘရာဇီးအသင်း ဆွတ်ခူး

**လန်ဒန် ဩဂုတ် ၃**

၂၀၂၅ ကိုပါအမေရိက အမျိုးသမီး ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဘရာဇီးအသင်းနှင့် ကိုလံဘီယာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘရာဇီးအသင်းက ကိုလံဘီယာအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲစဉ်တွင် ဘရာဇီးအသင်းနှင့် ကိုလံဘီယာအသင်းတို့သည် အချိန်ပိုအထိ တစ်ဖက် လေးဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်နေခြင်းကြောင့် ပင်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရာ ပင်နယ်တီ အဆုံးအဖြတ်တွင် ဘရာဇီးအသင်းက ကိုလံဘီယာအသင်းကို ငါးဂိုး၊ လေးဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုအား ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဘရာဇီးအသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် ကိုပါအမေရိက အမျိုးသမီး ချန်ပီယံဆုကို ငါးကြိမ်ဆက်တိုက် ဆွတ်ခူးလာနိုင်ခဲ့ခြင်းလည်းဖြစ်ပြီး ပြိုင်ပွဲ၏ အအောင်မြင်ဆုံးအသင်းအဖြစ်လည်း ရပ်တည်နိုင်ခဲ့သည်။

ဘရာဇီးအသင်းထုတ်ပြန်ချက်တွင် "၂၀၂၅ ကိုပါအမေရိက အမျိုးသမီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းကို အခုလို ချန်ပီယံဆုရရှိအောင် အစွမ်းကုန်ကြိုးစားပေးခဲ့တဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံး ကို အထူးကျေးဇူးတင်ပါတယ်" ဟု ထုတ်ပြန်သည်။ (NGB)

